ကညင်တပင်ကျေးရွာ

ဒိုက်ဦးမြို့နယ်




ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၇-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကညင်တပင်ကျေးရွာ၊ ဒိုက်ဦးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်၊ဇူလိုင်လ

## မာတိကာ

**မာတိကာ**

**စကားချီး**

**ကညင်တပင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဒိုက်ဦးမြို့နယ်**

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

**၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်ဆံရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

## နောက်ဆက်တွဲ

## နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၆) ဥ စ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁)	မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၂)	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား(၂၃)	စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၄)	ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား(၂၅)	ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း

ဇယား(၂၆)	ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇)	ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၈)	ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉)	သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၃၀)	မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား(၃၁)	ကျောင်းတက်နှုန်း

ဇယား(၃၂)	စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၃၃)	ပညာရေးအခက်အခဲ နှင့် ပြဿနာများ

ဇယား(၃၄)	အဖြစ်များသော ရောဂါများ

ဇယား(၃၅)	လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆)	ကျန်းမာရေးအထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇)	သောက်သုံးရေ ရရှိမှု

ဇယား(၃၈)	အိမ်သာအမျိုးအစား

ဇယား(၃၉)	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား(၄၀)	ကျေးရွာ၏လမ်းတည်ရှိမှု အခြေအနေ

ဇယား(၄၁)	ကျေးရွာ၏တံတားတည်ရှိမှု အခြေအနေ

ဇယား(၄၂)	ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား(၄၃)	သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄)	လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား(၄၅)  ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား(၄၆)  ယဉ်ကျေးမှု နှင့် လူငယ်ရေးဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇)  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈)  မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ(၂)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ဇယား(၄၉)  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား(၅၀)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ(၃)  ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)၅၈**

**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေး မြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော် လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေး ပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ နှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီး ဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင် မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျတ်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းများ၏ အသေး စိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ၊၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကညတပင်ကျေးရွာ၊ဒိုက်ဦးမြို့နယ်

## ကညင်တပင်ကျေးရွာ သယံဇာတပြမြေပုံ၊ ဒိုက်ဦးမြို့နယ်



## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## (၁) နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက် သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သတ်သူ မှန်သမျှသူတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

## (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ် သောအဖွဲ့အစည်းများနှင့်အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်

ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အ ထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်း ရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဒိုက်ဦးမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ (၁၁၄.၉၀) ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာ၏အရှေ့ဘက်တွင် ဘောနီချောင်းရှိပြီး ချောင်းရေဖြင့်လယ်ယာမြေများကို အဓိကစိုက်ပျိုးသည်။လယ်ယာမြေများသည် စပါး၊ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့်အသက်မွေးဝမ်းကြောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာအနီးရှိ ဘောနီချောင်းအတွင်းမှ သဲများ ထုတ်ယူရရှိနိုင်ပါသည်။ တောင်သူအချို့မှာ ဘောနီဆည်မှ ဆည်ရေဖြင့် လယ်မြေဧက (၄၅)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေအသုံးပြုမှု များသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၈၀)ဧကရှိပြီး စပါးကို အဓိကစိုက်ပျိုး ကြ သည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၀၃)စုနှင့် ကျား (၅၂၉)၊ မ (၅၁၁)ဦးဖြင့် လူဦးရေပေါင်း (၁၀၄၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅.၁) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက် အနည်းငယ်များသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၇၃%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်ဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၄.၈%) မျှ ပိုများသည်။ ကျေးရွာ၏(၂၂.၄%) မှာ ပြည်ပသို့ ထွက်ခွာ၍ အလုပ်လုပ်ကိုင်ကြသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၆၈%) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး (၁၀%) သည် ချမ်းသာသည့်အဆင့်၊ (၂၁%) သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။

ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ ကျပန်းအလုပ်သမားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေ အတွက် မြင့်မားပြီး (၅၈%) ရှိသည်။ ကျေးရွာတွင် မြေယာမဲ့အိမ် ထောင်စုများ ပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်းများ၊ ကျပန်းလုပ်ငန်းများနှင့် ပြည်ပ၌ အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ နှင့် ပြည်ပ၌ အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာ မှ ဆင်းရဲ နှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) စီဖြစ်သော (၁၃၉)စုကို လေ့လာဆန်း စစ်မှုအရ ယင်းတို့၏ (၅၅%) မှာ သူတပါးထံမှ မချေးငှားဘဲ သုံးလခန့်စားသုံးနိုင်ကြကြောင်း၊ (၃၀%)

မှာ ၃လမှ ၅လခန့်၊ (၁၅% )မှာ ၆လမှ ၁၂လခန့် သူတပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံး နိုင်ကြကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေတစ်သိန်းကျပ် မှ တစ်သန်းကျပ်ထိ တင်ရှိကြသည်။

ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ မရှိကြပေ။ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

ကျေးရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက် လုပ်ကိုင်ကြသည့် လူငယ်၊လူရွယ်များသည် လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲမှု အန္တရာယ်တို့ ရှိတတ်ကြသည်။

## (ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ဖျားနာရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါတို့မှာ မိုး တွင်းကာလတွင် ဖြစ်ပွားတတ်ကြောင်း တွေ့ရသည်။ ကျန်းမာရေး အသိအမြင်၊ ဗဟုသုတနည်းပါးကြောင်း တွေ့ရှိရသည်။ ကျေးရွာသူ/သားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ (၃)မိုင်ကွာ ဝေးသော ကတုတ်ဘုရာကြီးကျေးရွာကျန်းမာရေးဌာနမှ ရရှိနိုင်ကြပြီး ကားလမ်းဖြင့် အလွယ်တကူ သွားလာ နိုင်သော (၁၃)မိုင်ကွာဝေးသော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့် လက်လှမ်းမီသည်။

ကျေးရွာတွင် ရေတွင်းများ၊ လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ သောက်သုံးရေကို အလွယ် တကူရနိုင်သော်လည်း ရေစစ်ပြီးမှ အသုံးပြုရသည့်အတွက် ရေအရည်အသွေးမှာ မကောင်းပါ။

## (င) ပညာရေး နှင့် ကျွမ်းကျင်မှု

ကျေးရွာသူ/သား အများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အနည်းငယ်မျှသာ ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ အခြေခံပညာ မူလတန်းလွန် ကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်း

ကြောင်း ကျွမ်းကျင်မှုများမှာ အကန့်အသတ်များ ရှိနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေဆဲ ဖြစ်ပါသည်။

### (စ) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာ တွင် ကျား နှင့် မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ် ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်တွင် မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေ အတွက်ထက် များနေပြီး အလယ် တန်းအဆင့်၊ အထက်တန်းအဆင့်များတွင် ကျား-မအရေ အတွက်မှာ ဆတူနီးပါးဖြစ်ပြီး နှင့် တက္ကသိုလ်/ ကောလိပ်အဆင့်တွင် မိန်းကလေးအရေ အတွက်သည် ယောကျ်ားလေးအရေအတွက်ထက် များနေပါသည်။ ထို့ကြောင့် အမျိုးသမီး များအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအား ဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုး သားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီး ပါဝင်မှုတို့မှာ အလွန် လျော့နည်းလျက် ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သတ်၍ အသိ ပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါ သည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုအဖွဲ့အစည်း (၄)ဖွဲ့ ရှိပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် အမျိုး သမီးပါဝင်ဖွဲ့စည်း မှု။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သတ်၍ အားနည်းကြပြီး အဖွဲ့ အစည်းများဆိုင်ရာ စွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ် ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

အဓိကသီးနှံအဖြစ် စပါးကို စိုက်ပျိုးကြပါသည်။ စပါးမှာ မှော်ဘီ၊ မနောသုခ တို့ကို မိုးစပါး အဖြစ် စိုက်ပျိုးကြပြီး စပါးအထွက်မှာ တစ်ဧကလျှင် ပျမ်းမျှ တင်း(၆၀)ဝန်းကျင် ထွက်ရှိပါသည်။ မိုးစပါးအပြီး ကျန်ရှိသော မြေအစိုဓာတ်ကို အသုံးပြု၍ မတ်ပဲ၊ ပဲတီစိမ်း တို့ကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပျမ်းမျှ (၈)တင်းသာ ထွက်ရှိပါသည်။

အလုပ်သမားရှားပါးခြင်းကြောင့် စပါးများကို ကြဲပက်စိုက်ပျိုးခြင်းကိုသာ အများစု လုပ်ကိုင်ကြပြီး ပေါင်းသတ်ဆေးကို စနစ်တကျသုံးစွဲလေ့ မရှိကြပါ။ ကြဲပက်စိုက်ပျိုးခြင်းသည် ပျိုးစိုက်ခြင်းထက် အထွက် လျော့နည်းသော်လည်း ပျိုးနှုတ်၊ပျိုးစိုက်စရိတ်များကို လျော့ချနိုင်ခြင်း၊ အလုပ်သမားမလုံလောက်မှုကို ကျော်လွှားနိုင်ခြင်းတို့ကြောင့် ကြဲပက်စိုက်ပျိုးခြင်း မြင့်တက်လာနေပါ သည်။

ကျေးရွာတွင် ကျွဲ ၊ ဝက် ၊ ကြက် တို့ကို အဓိကထား၍ တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ တောင်သူ အများစုမှ ကျွဲ များ မွေးမြူကြပြီး ဝက်မွေးမြူသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏(၁၇%) ဝန်းကျင်ရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးမြူသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၃၅%) ရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများမှာ ခွာနာလျှာနာ၊ လည်ချောင်းကွဲ၊ ကြက်လည်လိမ်၊ ကြက်အိပ်တန်းကျ တို့ဖြစ်သည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ လယ်ယာလုပ်ငန်း ခွင် နေ့စားအလုပ်များ၊ အပ်ချုပ်၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်းတို့ ဖြစ်ကြသည်။ အခြား လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု နည်းပါး အနေအထားတွင် ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ် အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာ ကောင်းတစ်ရပ် ဖြစ်သည်။ သို့သော်လည်း လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ်နိမ့်ကျ ကြပြီး အခြေခံလုပ်ငန်းများတွင်သာ အဓိကလုပ်ကိုင်ခွင့် ရကြပါသည်။ ရွာသူ/သားအများစုသည် အသက်မွေး ဝမ်းကြောင်းနှင့်ဆိုင်သော အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည့် အသက်မွေးဝမ်း

ကြောင်းသင်တန်းများနှင့် လက်လှမ်းမီမှု အား နည်းခြင်း၊ မိရိုးဖလာ ကျပန်းအလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေး ပေးသည့် ချေးငွေပမာဏနှင့် ပြန်လည်ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မတ်ပဲ၊ ပဲတီစိမ်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့် ဓာတုမြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာ နိုင်သည်။ တောင်သူများအနေ ဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေး များကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစ်စတစ်အိတ်ခွံ၊ ပုလင်း ခွံ၊ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ် ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာအနီးရှိ ဘောနီချောင်းအတွင်းမှ သဲများ ထုတ်ယူရရှိနိုင်ပါသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေး အန္တရာယ်နည်း ပါးသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောငွေကို တစ်လအတိုး နှုန်း (၀.၄၂)ကျပ်တိုး၊ တစ်ဧကလျှင် (၁၅၀,၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧက အတွက် ချေးယူနိုင်ကြ သည်။ သို့သော် ပုံစံ(၇) မတင်ပြနိုင်သော တောင်သူများအနေဖြင့် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို ချေးယူခွင့်မရ ဖြစ်တတ်သည်။ တစ်ချို့အိမ်ထောင် စုများမှာရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်လလျှင် အတိုးနှုန်း (၅-၁၀)ကျပ် နှုန်းဖြင့် ချေးယူ ကြပါသည်။ ကျေးရွာတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ငွေထုတ်ချေးသည့် အစီအစဉ်များ လည်း ရှိပါသည်။ ထိုအဖွဲ့၏ပုံစံမှာ အဖွဲ့ဝင်ဖြစ်မှသာ ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀)ကျပ် စုရ သည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂)မျိုး ရှိပါသည်။ အတိုးနှုန်းလည်း မတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀)ကျပ် ထုတ် ချေးနိုင်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကညင်တပင်ကျေးရွာသည် မူလတန်းပညာရေးကို ကျေးရွာအတွင်း၌လည်းကောင်း၊ အလယ် တန်း ပညာရေးနှင့် အထက်တန်းပညာရေးကို အများအားဖြင့် ကတုတ်ဘုရားကြီးအခြေခံပညာ အထက်တန်းကျောင်း တွင် လည်းကောင်း၊ တက္ကသိုလ်ပညာရေးကို ပဲခူးတက္ကသိုလ်တွင်လည်း

ကောင်း၊ အင်ဂျင်နီယာပညာရေးများ၊ သူနာပြုနှင့် ဆရာအတတ်သင်ကောလိပ်စသည်တို့ကို တောင်ငူမြို့ရှိ သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးတွင် လည်းကောင်း၊ စစ်တက္ကသိုလ်ပညာရေး တက်ရောက်နေသူ တစ်ဦးရှိသည်ကို တွေ့ရပါသည်။ ထို့အပြင် မကြာသေးမီက ကျေးရွာမူလတန်းကျောင်းကို မူလွန်ကျောင်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဆဋ္ဌမတန်းအထိ တိုးချဲ့သင်ကြားနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ကျေးရွာသူ/သားအများစုတွင် အတန်းပညာ သို့မဟုတ် ဘုန်းကြီးကျောင်းတွင် စာပေသင်ကြားဖူးသူက များပြီး အသက်(၆၀)အထက် သက်ကြီးများသည်ပင် မူလတန်းပညာရေးကို အနည်းဆုံး(၄)တန်းအထိ သင်ကြားဖူးသူက များပါသည်။ လူလတ်နှင့် လူငယ်ပိုင်းများတွင်မူ အမျိုးသား/သမီး အတန်းပညာပြီးစီးမှု များစွာ ကွာခြားမှုမရှိပါ။ မူလတန်းကျောင်းအတွက် မြေနေရာသည် ဘုန်းတော်ကြီးကျောင်းနှင့် ကပ်လျှက် သွားလာရလွယ်ကူသော ရွာထိပ်တွင်ရှိပါသည်။ လက်ရှိတွင် အလျား ၃၀ပေ၊ အနံ ၉၀ပေ ရှိသော အုတ်ကျောင်းဆောင် တစ်ဆောင်နှင့် အလျား ၃၀ပေ၊ အနံ ၆၀ပေ ရှိသော ဝါးတဲဆောင် တစ်ဆောင် စုစုပေါင်း သုံးဆောင်ရှိပါသည်။ အစိုးရခန့် ဆရာ(၂)ဦး၊ ဆရာမ (၆)ဦး၊ ကျေးရွာခန့် ဆရာမ (၁)ဦး ရှိသောကြောင့် ဆရာ-တပည့် အချိုးမှာ ၁၈ ဖြစ်သဖြင့် အချိုးမျှတပါသည်။

ကျေးရွာမှ (၄)မိုင်ခန့်ကွာဝေးသော ကတုတ်ဘုရားကြီးကျေးရွာရှိ ကျေးလက်ကျန်းမာ ရေးဌာနသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ဆောင်မှု ရယူနိုင်ပါသည်။ အနရောဂါကျရောက်မှုအနေဖြင့် ဖျားနာတုတ်ကွေး၊ သွေးတိုး နှင့် ဆီးချိုရောဂါများကို အတွေ့ရများပြီး တီဘီ နှင့် အသည်းရောင်အသားဝါရောဂါရှိသော လူနာရှိ ပြီး ဒိုက်ဦးမြို့နယ်ဆေးရုံမှ ဆေးဝါးရယူသုံးစွဲကြပါသည်။ ရာသီကူးပြောင်းတွင် ဆေးရုံတက်၍ ကုသခံယူရ သည်အထိ ဖြစ်ပွားမှုများကြောင့် ကုန်ကျစရိတ်များခြင်းက ကနဦး ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန် ပါက ထိုသို့ ကုန်ကျခြင်းများ များစွာ လျော့ကျစေနိုင်မည် ဖြစ်သည့်အပြင် ရွာသူ/သားများ၏ ကျန်းမာရေး လည်း ပိုမိုကောင်းမွန်လာနိုင်သဖြင့် ကျန်းလက်ကျန်းမာရေးဆေးပေးခန်းတစ်ခုကို လျှောက်ထားကာ ဆေးပေးခန်းအဆောက်အဦးတစ်ခု၊ကျန်းမာရေးဆရာ/မ သို့မဟုတ် ဆရာဝန်တစ်ဦး စသည်ဖြင့် ရရှိမည်ဆိုလျှင် ဖြေရှင်း နိုင်စွမ်း နည်းပါးသော မိသားစုများအတွက် များစွာ အထောက် အကူပြု မည် ဖြစ်သည်။

ကျေးရွာအိမ်အများစုတွင် ရေတွင်းများ ရှိကြပြီး ရေနွေးသောက်သည့် အလေ့အထနှင့် အိမ်သာအများ စုမှာလည်း ယင်လုံအိမ်သာများ ဖြစ်ကြသောကြောင့် ရေနှင့် ဆက်နွယ်သော ရောဂါဖြစ်ပွားမှု နည်းပါးလှပါ သည်။ ကျေးရွာလမ်းများသန့်ရှင်းရေးကို လူငယ်များက အပိုင်းလိုက် တာဝန်ယူလုပ်ဆောင်ကြပါသည်။

## (ဆ) လူငယ် နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ ကျေးရွာတွင် စာကြည့် တိုက်မရှိဘဲ ရွာသူ/သားများလည်း မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ကြိုးစား မှုများဖြင့် အချိန်ပိုကုန်ကြ ပြီး စာဖတ်သည့်အလေ့အကျင့် အားနည်းသည်။ ကောက်စိုက်နှင့် လယ်ယာလုပ်ငန်း အားလပ်ချိန်များတွင် ရွာအနီးအနား လူငယ်အချင်းချင်း ရွာအလိုက်အချိန်း အချက်ပြုကာ ဘောလုံးကန်လေ့ ရှိသောကြောင့် ကျေးရွာ ပိုင် ဘောလုံးကွင်းတစ်ခုကို ရွာ၏ဒုတိယ ဦးစားပေးအဆင့်အနေနဲ့ လိုအပ်နေပါသည်။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

ကျေးရွာဘုန်းတော်ကြီးကျောင်းအတွက် လိုအပ်သော ဝေယျာဝိစ္စလုပ်အားပေးခြင်းများကို ပါဝင်လုပ် ဆောင်ကြပါသည်။ တစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး ဘာသာရေးအလိုက်သာ ယဉ်ကျေးမှုပွဲတော်များ တွင် ပါဝင်ကြပြီး စာပေယဉ်ကျေးမှုတိုးတက်ရေး သီးသန့်လုပ်ဆောင်မှုများ မရှိပါ။

မိုဘိုင်းလက်ကိုင်ဖုန်းများနှင့် အင်တာနက်များ ရယူသုံးစွဲနိုင်သည့် နောက်ပိုင်းတွင် လူငယ် အများစု အင်တာနက်သုံးစွဲမှု များပြားလာပြီး သူငယ်ချင်းအချင်းချင်း အချိန်ပေးမှုနည်းပါးလာကာ လူငယ်အများစုမှာ လူမှုဝက်ဘ်ဆိုက်များနှင့် အားကစားသတင်း ကြည့်ရှုမှု များလာပါသည်။

## (ဇ) အခြေခံ အဆောက်အဦး-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကညင်တပင်ကျေးရွာသည် ဒိုက်ဦးမြို့နယ်မှ တောင်ဘက် (၁၂)မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကား လမ်းဟောင်းမှ ဗျိုင်းချယ်ကျေးရွာမှ လမ်းခွဲပြီး (၆)ဖာလုံကျော် လက်ရှိတွင် ကွန်ကရစ် လမ်းခင်းထားသော လမ်း အတိုင်း ဝင်ရောက်လာနိုင်ပါသည်။ ကျေးရွာရွာလယ်လမ်းမကြီးမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ကောင်းစွာ အသုံးမပြုနိုင်ပါ။ ၂၀၁၇ခု၊ ဒီဇင်ဘာလတွင် မြေသား လမ်းကို အဆင့်မြှင့်တင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ နှစ်တွင် ဂဝံလမ်းခင်းန် ကျေးရွာဖွံ့ဖြိုးရေး ပထမဦး စားပေးစီမံချက်အဖြစ် ပြုလုပ်သွားမည် ဖြစ်ပါသည်။

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ မီးလင်းရေးအစီအစဉ်ဖြင့် မဟာဓာတ်အားလိုင်းမှ ၂၀၁၇ခုနှစ် တွင် လျှပ်စစ်မီး ချိတ်ဆက်ရယူခဲ့ပြီး လက်ရှိကာလတွင် ကျေးရွာအိမ်ထောင်စု၏(၄၂%)မှ ရယူသုံးစွဲ နေပါသည်။ ကျန်ရှိသော အိမ်ထောင်စု (၅၈%)အား မီးရရှိနိုင်ရန်အတွက် ကျေးရွာ၏လိုအပ်ချက် ဦးစားပေး(၄)အဆင့်တွင် ဖော်ပြထားပါသည်။

### (ဓ) တည်ငြိမ်အေးချမ်းမှု နှင့် ယုံကြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ကျေးရွာတွင် ချိတ်ဆက် ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသူ/သားများသည် ကျေးရွာ နှင့် (၆)မိုင်ခန့်ကွာဝေးသော ဖောင်တော်သီ ရဲစခန်းနှင့် အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။ အမျိုးသမီးများနှင့် ကလေးငယ် များအတွက်လည်း ထူးခြားသော အန္တရာယ် ဖြစ်မှုများ မရှိဘဲ အများအားဖြင့် လုံခြုံမှုများ ရှိကြသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှု

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေမည့် အခြေအနေများ

ကညင်တပင်ကျေးရွာသည် ဒိုက်ဦးမြို့၊ ပဲခူးမြို့များသို့ ကားလမ်းဖြင့် အလွယ်တကူ ကူးသန်း သွားလာ နိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင် သည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏(၇၂%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများ နှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ရွာသူ/သာများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ဒိုက်ဦးဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသော အဆင့်တွင် ရှိနေကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက် သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ရာတွင် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မာလာရေးအတွက် အထောက်အကူပြု နေသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အ သင့်ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာ သီးနှံစိုက်ပျိုးရန် အထောက်အပံ့ ဖြစ်စေသည့်အပြင် မြေအောက်ရေအသုံးပြု နိုင်သောကြောင့် လယ်မြေကေအားလုံးနီးပါးအတွက် စိုက်ပျိုးရေရရှိ နိုင်သည်။ ထို့ပြင် စက်ကိရိယာများကို ငှားရမ်းနိုင်သည့်နေရာများနှင့် ချိတ်ဆက်လုပ်ဆောင်နိုင် ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်နှင့် ဝက် တို့ကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင် ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်း ဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကညင်တပင်ကျေးရွာတွင် ရွာသူ/သားများအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက် ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ လယ်ယာမြေကို ထပ်မံ တိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။ မြို့နယ်စိုက် ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပတ်သတ် ၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား ရောဂါကာကွယ်နှိမ်နှင်းနိုင်ရေး အထောက် အပံ့များ ရရှိရန် လိုအပ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်မှ ချေးငွေ ဝန်ဆောင်မှု ရရှိသော်လည်း စိုက်ပျိုးရေးသွင်းအားစုနှင့် လုပ်အားခများအတွက် လုံလောက်မှု မရှိသေးချေ။ စီးပွားဖြစ်မွေးမြူရေးအတွက် နည်းပညာများ ရရှိရန် လိုအပ်နေပါသေးသည်။ သမဝါယမဦးစီးဌာနမှ ချေးငွေ များ ရရှိသော်လည်း စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ရန်အတွက် ငွေအရင်းအနှီးလုံလောက်မှု မရှိသဖြင့်

တစ်ပိုင် တစ်နိုင်သာ လုပ်ကိုင်နေကြပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားပါ သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ် ရှိနေပါသည်။ အလုပ်လုပ်ကိုင်နိုင်သူများ၏ အတတ်ပညာတတ် မြောက်မှုကလည်း အခြေခံ အလုပ်များသာ ရရှိစေပြီး ကျွမ်းကျင်စွာ တတ်မြောက်သူ မများလှပေ။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အသိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

ကျေးရွာထိပ် တံတား အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျေးရွာလူထုမှ မတည်ငွေ လိုအပ်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများမှ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးဝမ်းကြောင်းပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေ အထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃)ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေ ပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြပါမည်။

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား

ငွေကြေး လုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရများ နှင့် ချိတ်ဆက်ပေး မည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက် ထားသူများ ကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာ များကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင် လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက် စေမည်။

(၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော် ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများရရှိရန်အတွက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက် ၍ သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ် ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်း အနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာရှိကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြင့်မားရေး တို့အတွက် ကျေးရွာတွင် မူကြိုကလေးထိန်းကျောင်းတစ်ဆောင် ဖွင့်လှစ်နိုင်ရေးနှင့် မူလတန်း ကျောင်းမှ အိမ်သာများ ပြုပြင်ပေးခြင်းဖြင့် ကျောင်းနေပျော်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးပြီး ကလေးငယ်များ၏ ပညာအရည် အချင်း တိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။

(၄) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းကို အဆင့်မြှင့် တင်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက် သွားမည်။ တစ်ချိန်တည်း တွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်း ရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်း များကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

(က) ကျေးရွာရှိ အဖွဲ့အစည်းများ၊ လူငယ်များအား စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ စီစဉ်ပေးခြင်း။

(ခ) စိုက်ပျိုးရေးဦးစီးဌာနမှ လက်တွေ့အသုံးဝင်မည့် နည်းပညာများ၊ ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုး မြှင့် ထုတ်ကုန်ဈေးကွက်များသို့ ချိတ်ဆက်ကူညီပေးခြင်း။

(ဂ) စက်မှုလယ်ယာဦးစီးဌာနမှ လုံလောက်သော စက်ကိရိယာများ ရရှိအောင် ငှားရမ်းပေးခြင်း။

(ဃ) စီးပွားဖြစ်မွေးမြူရေးအတွက် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးခြင်း။

(င) ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဝင်ငွေတိုးလုပ်ငန်းများအတွက် နည်းပညာ သင်တန်းများ စီစဉ်ပေးခြင်း။

(စ) အသက်မွေးဝမ်းကြောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ချေးငွေ ရရှိရန် ဆောင်ရွက်ပေးခြင်း။

(ဆ) ကျေးရွာတွင်း ဘွဲ့ရလူငယ်များအား ကျန်းမာရေးဆိုင်ရာသင်တန်းများ တက်ရောက်ခွင့် ရနိုင်ရန် ဆက်သွယ်အကြောင်းကြားပေးခြင်းဖြင့် ကျေးရွာအတွင် ကျန်းမာရေးလုပ်သားများ မွေး ထုတ်ပေးခြင်း။

(ဇ) ကျေးရွာ၏ လမ်း၊ တံတားများ ကောင်းမွန် တိုးတက်လာအောင် ဆောင်ရွက်ပေးလိုစေခြင်း။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်အထည်ဖော်မည့် နည်းလမ်း ဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့ အကောင် အထည် ဖော်မည် ဆိုသည့်သဘောပင် ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကို ရောက်ရှိရန် ငါးနှစ်တာကာလအတွင်း ပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည် ဖော်မှုဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာကာလအတွက် စီမံချက်ရေးဆွဲစဉ်အချိန်က ဦးစားပေး အစီအစဉ် ချခဲ့သော စီမံချက်များသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ ဦးစားပေးစီမံချက် အချို့ကို ရှေ့ပိုင်းနှစ်များ တွင် ဆောင်ရွက်နေစဉ် နောက်ထက်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာ နိုင်ပါသည်။ ပုံမှန်အားဖြင့် စနစ် တကျ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျ ရောက်ပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ဘဲ

နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အနေအထား တွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional Classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification) ဟူ၍ နှစ်မျိုးရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်း ကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification)-

- သာမန်အသုံးစရိတ်၊
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်၊
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များကို ဦးစားပေးအစီ အစဉ်ဖြင့် ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|
| ပညာရေး | | | | | |
| ပညာရေး ဖွံ့ဖြိုးရေး | ၁။ စာသင်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန်။ | ၁၇ | ၈ | - ကျောင်းဆောင်သစ်တိုးချဲ့ဆောက် လုပ်ပြီး ပညာသင်ကြားပေးရန်။ | |
| ကျေးရွာအဆောက်အအုံ | | | | | |
| | ၂။ မြေသားလမ်းပြုပြင်မြေဖို့ ပြီး ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန်။ (၂ဝ၅၁'×၁ဝ'×၉") | ၅ဝ | ၁ | - မြေသားလမ်းပြုပြင်မြေဖို့ပြီးဂဝံ လမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်။ | |
| လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား | | | | | |
| လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာစေရေး | ၃။ စာကြည့်တိုက်ဖွင့်လှစ် ဆောင်ရွက်ရန်။ | ၁၃ | ၁၁ | - ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးစီး ပြီးကျေးရွာစာကြည့်တိုက်ဆောက် လုပ်ရေး၊ စာအုပ်များဖြည့်တင်းရေး စသော လုပ်ငန်းများအတွက် ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်။ | |
| ကျန်းမာရေး | | | | | |
| | ၄။ လူနာတင်ယာဉ်ဝယ်ယူရန်။ | ၁၅ | ၉ | - ငွေကြေးအတွက် အလှူရှင်များအား နှိုးဆော်ခြင်း၊အလှူငွေများ ရရှိအောင် ဆောင်ရွက်သွားရန်။ | |
| ကျေးရွာအဆောက်အအုံ | | | | | |

| | | | | | |
|---|---|---|---|---|---|
| မီးလင်းရေး | ၅။ အိမ်ခြေအားလုံး<br>မီးရရှိရေး<br>အတွက်<br>ငွေကြေးအချိန်ယူ<br>ကောက်ခံပြီး EPC နှင့်<br>ညှိနှိုင်း<br>ဆောင်ရွက်ရန်။ | ၂၄ | ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ<br>အိမ်ခြေ<br>အားလုံး မီးရရှိရေးအတွက်<br>ငွေကြေး<br>အချိန်ယူကောက်ခံပြီး EPC နှင့်<br>ညှိနှိုင်းဆောင်ရွက်ရန်။ | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ | | | | | |
| သင်တန်း | ၆။<br>အသက်မွေးဝမ်းကြောင်း<br>ဆိုင်ရာအထောက်အကူ<br>ပြုသင်<br>တန်းများဖွင့်လှစ်ပေးရန်နှ<br>င့်<br>မြစိမ်းရောင်ကျေးရွာစီမံ<br>ကိန်း<br>ဆောင်ရွက်ပေးရန်။ | ၂၁ | ၅ | -ကျေးလက်ဦးစီးဌာနမှ<br>အသက်<br>မွေးဝမ်းကြောင်းဆိုင်ရာ<br>အထောက်<br>အကူပြုသင်တန်းများ<br>ဖွင့်လှစ်ပေး<br>ရန်၊<br>အလုပ်အကိုင်အခွင့်အလမ်း<br>များ<br>ဖန်တီးပေးရန်နှင့်<br>ကိုယ်ပိုင်အရင်း<br>အနှီးများရရှိရန်။<br>-မြစိမ်းရောင်ကျေးရွာစီမံကိန်း<br>ဆောင်ရွက်ပေးရန်နှင့်<br>အတိုးနှုန်း<br>သက်သာသော<br>ချေးငွေများထုတ်<br>ချေးပေးရန်။ | |
| ကျန်းမာရေး | | | | | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ | | | | | |
| သင်တန်း | ၈။<br>အသိပညာပေးဟောပြော<br>ပွဲ<br>များဆောင်ရွက်ပေးရန်။ | ၁၉ | ၇ | -<br>သက်ဆိုင်ရာအဖွဲ့အစည်းများနှ<br>င့် | |

| | | | | | |
|---|---|---|---|---|---|
| | | | | ချိတ်ဆက်၍အသိပညာပေး ဟောပြောပွဲများဆောင်ရွက်ပေးရန်။ | |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦး နှင့် နည်းပညာသင်တန်း | ၉။ သီးနှံအထွက်တိုးနည်းပညာရရှိစေရန်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပေး ရန်။ | ၁၄ | ၁၀ | - စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ၍ မြေဆီလွှာ၊ ရောဂါ၊ ပိုးမွှား၊ မျိုးသန့် ထုတ်လုပ်မှုဆိုင်ရာနည်းပညာသင်တန်းများ စီစဉ်ပေးရန်။ -စက်ကိရိယာများ လုံလောက်စွာငှား ရမ်းနိုင်ရန် စက်မှုလယ်ယာ/ပုဂ္ဂလိကများဖြင့် ချိတ်ဆက်ရန်။ | |
| လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား | | | | | |
| အားကစား | ၁၀။ ကျေးရွာပိုင်ဘောလုံးကွင်းရရှိရန်။ | ၂၉ | ၂ | -မြို့နယ်အား/ကာနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရန်။ | |
| ကျေးရွာအဆောက်အအုံ | | | | | |
| | ၁၁။ ကျေးရွာမြေငှားဂရန်ရရှိရန်။ | ၂၈ | ၃ | - ကျေးရွာမြေငှားဂရန်ရရှိရန် အတွက် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက် ၍ ဆောင်ရွက်ပေးရန်။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သ လိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | မြေသားလမ်းပြုပြင်မြေဖို့ပြီးဂဝံလမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ရန် | ၁ | ✔ | | | | |
| ၂ | ကျေးရွာပိုင်ဘောလုံးကွင်းရရှိရန် | ၂ | | ✔ | | | |
| ၃ | ကျေးရွာမြေငှားဂရန်ရရှိရန်သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရန် | ၃ | | | ✔ | | |
| ၄ | အိမ်ခြေအားလုံးမီးရရှိရေးအတွက် ငွေကြေးအချိန်ယူကောက်ခံပြီး EPC နှင့် ညှိနှိုင်းဆောင်ရွက်ရန် | ၄ | | | | ✔ | |
| ၅ | အသက်မွေးဝမ်းကြောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရန် နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ပေးရန် | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျတ်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျတ်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တစ်ချို့စီမံချက်များ ကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စံမံချက်ပြုစုရေးဆွဲရေးအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျတ်ပမာဏတွင် ကျေးရွာလူထု၏

ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထား ခြင်း မရှိပါ။ (ငွေသားမ ဟုတ်သော ထည့်ဝင်မှု (ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်))

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စွမ်းဆောင် ရည်မြှင့်တင် ရေး | လူသ စာ အ |
| ၁ | မြေသားလမ်းပြုပြင်မြေဖို့ပြီးဂဝံလမ်း အဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ရန် | | | | | |
| ၂ | ကျေးရွာပိုင်ဘောလုံးကွင်းရရှိရန် | | | | | |
| ၃ | ကျေးရွာမြေငှားဂရန်ရရှိရန်သက်ဆိုင် ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင် ရွက်ရန် | | | | | |
| ၄ | အိမ်ခြေအားလုံးမီးရရှိရေးအတွက် ငွေကြေးအချိန်ယူကောက်ခံပြီး EPC နှင့် ညှိနှိုင်းဆောင်ရွက်ရန် | | | | | |
| ၅ | အသက်မွေးဝမ်းကြောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရန် နှင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းဆောင်ရွက်ပေးရန် | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင် အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ

ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှုရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-ပညာရေး ဖောင်ဒေးရှင်းအဖွဲ့သည် ကျေးရွာမူလတန်းလွန်ကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- ပညာရေးဖောင်ဒေးရှင်းအဖွဲ့သည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့ကလည်း လယ်ယာကုန်ထုတ် လုပ်ငန်းအထောက်အကူပြုလမ်းဖောက်လုပ်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် ဆောက်လုပ်ရေးဌာနတို့နှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ် ယူဆောင်ရွက်ရ မည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိ ကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်ပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေး ထားသော အဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများ တွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ် သက်ဆိုင် ရာဦးစီးဌာနက

တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုး ကော်မတီသည် တာဝန်ပေးထား သောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(၁၀-၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီ အစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောင်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြု ခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်း ရေး အတွက် လမ်းကော်မ တီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေ များအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည် ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါ လိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင် ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော် သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ် တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။

ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီ မံကိန်း အလိုက် တာဝန်ယူဆောင်ရွက်နေ သော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာ ဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက် အလက်များပေါ်မူတည်၍ တိုးတက်မှု ကို တိုင်းတာသည့် အညွှန်းကိန်း(indicator) ကို တည်ဆောက် ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ် စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင် ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုး ရေးကော်မတီမှ ဦးဆောင် ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုကို အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည် ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့် သော အဆို ပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင် ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသောည အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင် ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံ စာသည် စာမျက်နှာ(၂)မျက်နှာ၊ (၃)မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက် မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအ ထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန် လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ် တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက် ထားသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူ များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များကို ရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ(၁)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၈ | ၁၆ | ၁.၅၄% |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၂ | ၁၇ | ၄၉ | ၄.၇၁% |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၄ | ၅၃ | ၈၇ | ၈.၃၇% |

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၂ | ၄၆ | ၈၈ | ၈.၄၆% |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၇ | ၃၆၀ | ၇၅၇ | ၇၂.၇၉% |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၂၇ | ၄၃ | ၄.၁၃% |
| **စုစုပေါင်းလူဦးရေ** | | **၅၂၉** | **၅၁၁** | **၁၀၄၀** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု- ၂၀၃** | | **တစ်အိမ်ထောင်လျှင်ပျမ်းမျှဦးရေ- ၅.၁၂** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် အိမ်ထောင်စု (၂၀၃) ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၀၄၀) ဦး

ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၁၂) ဦးရှိပါသည်။ အသက်(၁၅ နှစ်မှ ၆၀ နှစ်) အထိ အလုပ်လုပ်နိုင် သော လူဦးရေမှာ (၇၃%) ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက်(၆၀) နှစ်အထက် လူဦးရေ စုစုပေါင်း (၂၇%)သည် မှီခိုသူများ ဖြစ်ကြသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ် ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် ညီမျှနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၇ | ၃၈% | ၁၂၇ | - | လတ် |
| | အလုပ်သမား/ဝန်ထမ်း | ၅၀ | ၂၅% | ၉၆ | - | လတ် |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၉၀ | နိမ့် |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော | ရပ်တည်နိုင်မှု (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|---|
| | | အိမ် | % | မိသားစု | | |

| | | ထောင်စု | | ဝင်လုပ်အား | အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | |
|---|---|---|---|---|---|---|
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - |
| ၄ | သစ်တောလုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - |
| | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅ % | ၁ | ၁ | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၁ | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | ၁ | နိမ့် |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား/ | - | - | - | - | - |

| | | | | | | |
|---|---|---|---|---|---|---|
| | ဝန်ထမ်း | | | | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၃ | နိမ့် |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၂% | ၁၀ | ၅ | နိမ့် |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၁% | ၂ | ၁ | နိမ့် |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | ၁ | နိမ့် |
| ၁၇ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ဝ.၅ % | ၃ | ၃ | နိမ့် |
| ၁၈ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | ၂ | နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ | ရပ်တည်နိုင်မှု (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|---|
| | | အိမ် | % | မိသားစု | | |

| | | ထောင်စု | | ဝင်လုပ်အား | လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | |
|---|---|---|---|---|---|---|
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၅၃ | - | ☒ |
| | အလုပ်သမား / ဝန်ထမ်း | ၃၄ | ၁၇% | ၅၃ | ၂၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၁၆% | ၆၄ | ၁၆၉ | လတ် |
| | **စုစုပေါင်း** | **၂၀၃** | **၁၀၀ %** | **၃၅၆** | **၂၉၈** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”** အရေအတွက်တွင် **“မိသားစုဝင်လုပ်အား”** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာ တွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၇၅၇)ဦး ဖြစ်ပြီး ကျား (၃၉၇)ဦး နှင့် မ (၃၆၀)ဦး ဖြစ်သောကြောင့် အမျိုးသားလုပ်သားအင်အားမှာ (၅%) ခန့် ပိုမိုပါသည်။

ကညင်တပင်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း (လယ်ယာ လုပ်ငန်း)တွင် လုပ်ကိုင်ကြသူများမှာ (၇၇) အိမ်ထောင်စုရှိပြီး၊ လယ်ယာလုပ်ငန်းခွင်တွင်

ကျပန်းအဖြစ် လုပ်ကိုင်နေသူ (၅၀) အိမ်ထောင်စု၊ ထုတ်ကုန်လုပ်ငန်းကို အဓိကအဖြစ် ဆန်စက်လုပ်ငန်း လုပ်ကိုင်နေသူ (၁) အိမ်ထောင်စု၊ တွဲဘက်အဖြစ် အုတ်လုပ်ငန်းလုပ်ကိုင်နေသူ (၁) အိမ်ထောင်စု၊ လက်လီလက်ကားအရောင်း အဝယ်လုပ်ကိုင်သူ (၆) အိမ်ထောင်စု၊ အခြားကျပန်းအလုပ်အကိုင်ဖြင့် အဓိကထား အသက်မွေးနေကြသူ (၃၄) အိမ်ထောင်စု ရှိပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၂၂%) ကျော်မှာ အခြားဒေသများသို့ (ပြည်တွင်း၊ပြည်ပ) ရွှေ့ပြောင်းလုပ်ကိုင်သူများ ဖြစ်ကြသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၂၅၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၆၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းခွင်၊ ထုတ်ကုန်လုပ်ငန်း နှင့် လက်သမားလုပ်ကိုင်ကြသူများဖြစ်သည်။ ကျား-မလုပ်အားခ နှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ် ပိုများပါသည်။

**(၁.၃) သဘာဝရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ဆည်ရေရရှိမှု (ရ/မရ/ အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရှိရသည့် နေရာ/ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၈၈၂ | သင့် | ရ | ဘောနီဆည် |
| ယာမြေ / တောင်ယာမြေ | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး | ဆည်ရေရရှိမှု (ရ/မရ/ | ရေရင်းမြစ် (ရေရှိရသည့် |
|---|---|---|---|---|

| | | (ကောင်း/သင့်/ညံ့) | အနည်းအကျဉ်း) | နေရာ/ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | ၃ | သင့် | - | - |
| မြေလွတ် မြေလပ် | - | - | - | - |
| **စုစုပေါင်း** | | ☒ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့)မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေ နှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် မိုးစပါး စိုက်ပျိုးပြီး လယ်စိုက်ဧကအားလုံး စိုက်ပျိုးကြသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/အသုံးမပြုနိုင်ပါ) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | မရှိ | အသုံးမပြုနိုင်ပါ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည် များ | သဲ | လွယ် |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | မရှိ | အသုံးမပြုနိုင်ပါ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/အသုံးမပြုနိုင်ပါ) |
|---|---|---|
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | မရှိ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် ခတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ ကျေးရွာအနီးရှိ ဘောနီချောင်းအတွင်းမှ သဲများ ထုတ်ယူ ရရှိနိုင်ပါသည်။

## (၁.၄) ဉစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဉစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အိမ်အခြေအနေ | ကောင်း | အသင့်အတင့် | ညံ့ | ညံ့ |
| ယာဉ်ပိုင်ဆိုင်မှု (စက်ဘီး၊ဆိုင်ကယ်) | အသင့်အတင့် | အသင့်အတင့် | မရှိ | မရှိ |
| စက်ပစ္စည်းများပိုင်ဆိုင်မှု (လက်တွန်းထွန်စက်) | အသင့်အတင့် | အသင့်အတင့် | မရှိ | မရှိ |
| ဦးဆောင်မှု (အမျိုးသား/အမျိုးသမီး) | အမျိုးသား | အမျိုးသား | အမျိုးသမီး | အမျိုးသမီး |
| အဓိကဝင်ငွေ | အသင့်အတင့် | အသင့်အတင့် | နည်း | အလွန်နည်း |
| **အိမ်ထောင်စု** | ၂၁(၁၀%) | ၄၃(၂၁%) | ၁၁၉(၅၉%) | ၂၀(၁၀%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ အနေအထားကို ကျေးရွာ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဉ စ္စာဓနအဆင့်သတ်မှတ်မှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက်ဝမ်းစာဖူလုံမှု | ၃၆ | ၁၈% | အတိုးဖြင့် ငွေချေးခြင်း |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၇၃ | ၃၆% | အတိုးဖြင့် ငွေချေးခြင်း |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၃၀ | ၁၄% | အတိုးဖြင့် ငွေချေးခြင်း |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာရှိ ဥစ္စာခနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀% စီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၂၆%) မှာ (၃)လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၅၃%) မှာ (၃) လမှ (၆)လအထိ ဝမ်းစာ ဖူလုံမှုရှိ၍၊ (၂၁%)မှာ (၆)လနှင့်အထက် ချေးငှားခြင်းမပြုဘဲ ပုံမှန်စားသောက်နိုင်ကြပါသည်။ ဆန်ရှားပါးမှုနှင့် ဆန်ဈေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊ တစ်ရက်လုံးလျှော့စားခြင်းများမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရသိရ ပါသည်။ မြေယာမဲ့ကျပန်းသမားများမှာ အခြားသောအချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | - | **၁** |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းပုဂ္ဂိုလ် အမျိုးသားတစ်ဦးရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲ၍ မိသားစုဦးရေများသော အိမ်ထောင်စု (၃) အိမ်ထောင်စုရှိပါသည်။ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စများတွင် တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် | စပါးအဓိကစိုက်ပျိုးပြီး အများအားဖြင့် ဖူလုံပါသည်။ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | နိမ့် | ဘောနီဆည်မှ စိုက်ပျိုးရေ အလုံ အလောက်ရရှိပြီး စိုက်ပျိုးမြေ ထပ်မံချဲ့ထွင်နိုင်ခြင်းမရှိပါ။ |
| ၃ | ရေကြီးခြင်း | မရှိ | - |
| ၄ | မိုးခေါင်ခြင်း | မရှိ | - |
| ၅ | အအေးလွန်ကဲခြင်း | မရှိ | - |
| ၆ | မုန်တိုင်း | မရှိ | - |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၇ | လျှော် | မရှိ | - |
| ၈ | မီးဘေး | မရှိ | - |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ | - |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ | - |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၁၃ | တီဘီရောဂါ | နိမ့် | အလုပ်ကိစ္စများကြောင့်ကျေးရွာပြင်ပသို့ သွားရောက်မှုများပြီး ဗဟုသုတအသင့်အတင့်ရှိသော်လည်း သက်ရောက်မှုရှိနိုင်ဆဲ အနေအထား ဖြစ်သည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ | - |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိ | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးမြေ ထပ်မံချဲ့ထွင်နိုင်မှု မရှိတော့ခြင်းသည် အဓိက အချက် ဖြစ်ပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | - | - |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | - | - |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | - | - |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | - | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | - | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | - | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင်များ | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | - | - |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သားများ | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | - | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | - | - |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာသည် ဘေးအန္တရာယ်တစ်ခုခု ကြုံလာပါက စုပေါင်းဖြေရှင်းသည့် အလေ့အထရှိသောကြောင့် ဆိုးဆိုးရွားရွားထိခိုက်မှု မရှိခဲ့သည်ကို တွေ့ရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (ကောင်း/သင့်/ညံ့) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လမ်းကော်မတီ | ၂ | ၁၄ | - | ၁၄ | သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး | ၄ | ကောင်း |
| ၂ | ခေတ်ရှေ့ဆောင် | ၂ | ၃၁ | ၁၀ | ၄၁ | သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး | ၄ | ကောင်း |
| ၃ | ပညာရေး ဖောင်ဒေးရှင်း | ၂ | ၆ | ၂ | ၈ | ပညာရေး | ၄ | ကောင်း |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (ကောင်း/သင့်/ညံ့) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၄ | အာစရိယ ရန်ပုံငွေ | ၂ | ၁၄ | ၄ | ၁၈ | ပညာရေး | ၄ | ကောင်း |
| | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာရှိအဖွဲ့အစည်းများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ကျေးရွာအတွင်းရှိ သာရေး/နာရေးကိစ္စရပ်များကို ဆောင်ရွက်နေပါသည်။

**(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | - | - | - |
| ၂ | | | |
| ၃ | | | |
| ၄ | | | |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့် ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြု ပါရန်။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် မြို့နယ်အစိုးရဦးစီးဌာနများမှ အကောင် အထည်ဖော် ဆောင်ရွက်နေသည်မှလွဲ၍ အခြားပြင်ပအဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီလုပ်ဆောင်မှု များ မရှိသေးပါ။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၇ | ၅၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂ | ၁% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၃ | ၂% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၆၄ | ၃၂% | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁၇ | ၈% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၀၃** | **၁၀၀%** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိက လုပ်ကိုင်ကြသော်လည်း လယ်မြေပိုင်ဆိုင်သော တောင်သူလယ်သမားအိမ်ထောင်စုသည် အိမ်ထောင်စုစုစုပေါင်း၏ (၄၃%) သာရှိသည် ကိုတွေ့ရှိရပါသည်။ ကျန်ရှိသော အိမ်ထောင်စုအများစုသည် လယ်ယာ လုပ်ငန်းခွင်တွင် နေ့စားအလုပ်သမား များအဖြစ် ဝင်ရောက်လုပ်ကိုင်ကြခြင်း နှင့် ပြင်ပသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြပါသည်။

### (၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရ/ ပုဂ္ဂလိက | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | ၄၀၀ဧကခန့် | တစ်နှစ်ပတ်လုံး | ရှိ |
| ၂ | ရေလွှဲဆည် | အစိုးရ | ၄၀၀ဧကခန့် | တစ်နှစ်ပတ်လုံး | ရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | | - | - | - |
| ၄ | ရေသွင်းမြောင်း | | - | - | - |
| ၅ | အဝီစိတွင်း | | - | - | - |

| စဉ် | အရင်းအမြစ် | အစိုးရ/ ပုဂ္ဂလိက | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၆ | လက်ငင် ရေတွင်း | | - | - | - |
| ၇ | စိမ့်စမ်းရေ | | - | - | - |
| ၈ | ချောင်းရေ | | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မြင့်/လတ်/နိမ့်) | အမြတ် ရရှိနိုင်မှု (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၈၂၂ | ၁ဧက | ၃၅ | ၆၅ | ၆၀ | ဇူလိုင် | နိုဝင် | မြင့် | မြင့် |
| ပဲတီစိမ်း | ၄၀၀ | ၁ဧက | ၂ | ၇ | ၈ | ဇန် | ဒီဇင် | လတ် | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ကညင်တပင်ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါး ဖြစ်ပါသည်။ အလုပ်သမားဈေးနှုန်းကြီးမားခြင်းနှင့် အလုပ်သမားရှားပါးခြင်းတို့ကြောင့် စပါးခင်းအားလုံးတွင် ကြဲပက်စနစ်ကို ကျင့်သုံး ကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာ မြေပြင်ဆင်စရိတ် နှင့် စိုက်ပျိုးစရိတ်အထိ အထောက်အကူပြုပါသည်။ မျိုးကောင်းမျိုးသန့်များ ရွေးချယ်သုံးစွဲမှု အားနည်းနေကြပြီး စိုက်ပျိုးနည်းပညာ များကို စနစ်တကျ ကျင့်သုံးလိုက်နာမှုနှင့် ပိုးမွှားရောဂါအား နည်းစနစ်ကျကျ ကာကွယ်မှုများ အားနည်းနေဆဲ ဖြစ်ပါသည်။

### (၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | ၄၅ |

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| လက်တွန်းထွန်စက် | ၂၇ | - | - | ၃၅ |
| အစေ့ချ ကိရိယာ | - | - | - | ၅ |
| ရိတ်သိမ်းခြွေလှေ့စက် | ၂ | - | - | ၃၃ |
| ရိတ်သိမ်းစက် | - | - | - | ၁၆ |
| ခြွေလှေ့စက် | ၃ | - | - | ၂၂ |
| ရေစုပ်စက် | ၃ | - | - | ၇ |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** တောင်သူများအားလုံးနီးပါ လယ်ယာလုပ်ငန်းသုံးအတွက် ကျွဲများကိုသုံးစွဲမှုရှိပြီး ကေများသော တောင်သူကြီး၊ တောင်သူလတ်များသည် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာ၀ ရေမြေရာသီဥတု အနေအထား | ရေမြေရာသီဥတုအနေအထား သင့်တင့်မျှတပါသည်။ |
| လယ်ယာမြေ အသုံးချနိုင်မှု | စပါး၊ ပဲတီစိမ်း ကို စိုက်ပျိုးနိုင်ပါသည်။ |
| စိုက်ပျိုးရေ အရင်းအမြစ် | စိုက်ပျိုးရေ အလုံအလောက် ရရှိပါသည်။ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ယူရရှိ နေသော်လည်း ကေသတ်မှတ်ချက်၊ ထုတ်ငွေပမာဏနှင့် ချေးငွေကာလတို့အပေါ် ပြင်ဆင်ပေးနိုင်မည်ဆိုပါလျှင် ပိုမိုအကျိုးရှိပါမည်။ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | သီးနှံမျိုးစေ့များကို ဝယ်ယူရရှိနိုင်ပါသည်။ |
| သဘာ၀မြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | ရှေးယခင်က သဘာ၀မြေဆွေးကို စနစ်တကျ အသုံးပြုခဲ့ကြသော်လည်း နောက်ပိုင်းတွင် ကျွဲ၊ နွားများ ရှားပါးလာခြင်းနှင့် သိသာမြန်ဆန်သော ဓာတုမြေဩဇာများကိုသာ သုံးစွဲလာခြင်း ကြောင့် ပညာပေးကူညီမှုများ လိုအပ် |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| | နေဦးမည် ဖြစ်ပါသည်။ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒသွင်း အားစုများကို ဝယ်ယူရနိုင်ပါသည်။ |
| လုပ်သားရရှိနိုင်မှု | လုပ်သားများ ရနိုင်ပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဟောပြောပွဲများ လာရောက်ပြုလုပ်ပေးနိုင်ပါက ပိုမိုလွယ်ကူလာနိုင်ပါသည်။ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံပွဲစားများကို အလွယ်တကူ ဆက်သွယ် ရောင်းချနိုင်သော ကြောင့် ဈေးကွက်အခွင့်အလမ်းများ ရှိနေပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီသြဇာမကောင်းပါ။ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေများ တိုးချဲ့နိုင်မှုမရှိပါ။ |
| စိုက်ပျိုးရေ အရင်းအမြစ် | အခက်အခဲမရှိပါ။ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | ချေးငွေရရှိမှုများမလုံလောက်ပါ။<br>စည်းကမ်းချက်များ တင်းကြပ်ပါသည်။ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အခက်အခဲမရှိပါ။ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများ | အခက်အခဲမရှိပါ။ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အခက်အခဲမရှိပါ။ |
| လုပ်သားရရှိနိုင်မှု | အခက်အခဲမရှိပါ။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ကွင်းဆင်းစိုက်ပျိုးရေးဝန်ထမ်း အလွန်နည်းပါသည်။ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | အခက်အခဲမရှိပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ပိုးမွှား၊ ရောဂါ၊ မြေဆီလွှာကြောင့် ဖြစ်ရသော ပြဿနာများကို ခွဲခြားနားလည်မှု အားနည်းနေကြသောကြောင့် နည်းပညာ<br>ဝန်ဆောင်မှုများ ပိုမိုလိုအပ်နေပါသည်။ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။တောင်သူလယ်သမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိနိုင်ပါသည်။ ချေးငွေကာလတိုတောင်းခြင်း၊ တစ်ဧ က လျှင်(၁၅၀,၀၀၀) နှုန်းသတ်မှတ်ခြင်း၊ အများဆုံး (၁၀)ကေလျှင် (၁၀)သိန်းအထိသာ ထုတ်ချေး ပေးနိုင်ခြင်းတို့ကြောင့် စပါးထွက် ရှိချိန်တွင် စပါးဈေးနှုန်းနိမ့်ကျနေသော်လည်း တောင်သူလယ် သမားများမှာ မိမိတို့စပါးကို ထုတ်ရောင်းချရ သဖြင့် ရရှိမည့်အကျိုးအမြတ်များ များစွာဆုံးရှုံးရပါသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| နွား | ၄ | ၁၁ | |
| နို့စားနွား | - | - | |
| ကျွဲ | ၅၆ | ၁၅၉ | |
| မြင်း | - | - | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | ၁ | ၂ | |
| သိုး | - | - | |
| ဝက် | ၃၅ | ၅၇ | |
| ကြက် | ၇၃ | ၄၀၉ | |
| ဘဲ | ၂ | ၅ | |
| နွားနောက် | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | |
| ပုဇွန်ကန် | - | - | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ | |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် ကျွဲ၊ ဝက်၊ ကြက်၊ ဘဲ စသည့် ဒေသမျိုးများကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင်ကြပါသည်။

### (၂.၂.၂.၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေ (၃)ကေရှိပါသည်။ |
| ရေရရှိမှု | ရေလုံလောက်မှု ရှိပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ဒေသမျိုးကိုသာ သုံးစွဲကြပါသည်။ |
| ချေးငွေ | သမဝါယမချေးငွေကို ရယူနိုင်ပါသည်။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)စျေးကွက် | သွင်းအားစုများ ဝယ်ယူနိုင်သည်။ |
| ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု | ပြင်ပ မွေး-ကုဆရာဝန်အား ဖိတ်၍ ကုသကြပါသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည်။ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေ အထား | - |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန် ရောင်းဝယ်မှု | - |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် ငါးမွေးမြူရေးပြုလုပ်သည့် အိမ်ထောင်စုများ မရှိပါ။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေ ရှားပါးသည်။ |
| ရေရရှိမှု | - |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | - |
| ချေးငွေ | စီးပွားဖြစ် ထုတ်ချေးနိုင်မှု အားနည်းပါသည်။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | - |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | ဆေးကုသစရိတ် အကုန်အကျများပါသည်။ ရောဂါကာကွယ်ကုသနည်းများ နားလည်မှုမရှိပါ။ |
| ထုတ်ကုန် ရောင်းဝယ်မှု | - |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | - |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူ အညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန် ရောင်းဝယ်မှု | - |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | လုပ်သားအင်အား အသင့်အတင့်ရရှိနိုင်ပါသည်။ |
| လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | - |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | အသင့်အတင့် နားလည်ပါသည်။ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | လမ်းပန်းဆက်သွယ်ရေးအခြေအနေ ကောင်းပါသည်။ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | အသင့်အတင့် ရရှိပါသည်။ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | အသင့်အတင့် ရရှိပါသည်။ |
| ချေးငွေ ရရှိနိုင်ခြင်း | ချေးငွေရနိုင်ပါသည်။ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ် စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုရရှိခြင်း | - |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်)အသက်မွေးဝမ်းကျောင်းပြုနိုင် သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | - |
| အလုပ်အကိုင် အခွင့်အလမ်း | အသင့်အတင့် ရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွင်းရှိ အခြားဝင်ငွေရလုပ်ငန်းများတွင် ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စု အရေအတွက် နည်းပါးပြီး၊ အလုပ်သမား၊ ဝန်ထမ်းအနေဖြင့် လုပ်ကိုင်သူ ပိုမိုများပြားပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မြို့နှင့် အလှမ်းမကွာခြင်း | ဒိုက်ဦးမြို့နှင့် (၁၄)မိုင်၊ ပဲခူးမြို့နှင့် (၂၆)မိုင်သာ ကွာဝေးပြီး သွားလာရ လွယ်ကူပါသည်။ |
| စာတတ်မြောက်သူ များလာခြင်း | အတန်းပညာတတ်မြောက်သူဦးရေ များပြားလာပါသည်။ |
| ကျေးလက်ဦးစီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများ တက်ရောက်နိုင်ခြင်း | ဝင်ငွေတိုးလုပ်ငန်းများဆိုင်ရာ နည်းပညာသင်တန်းများ ပေးနိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာ အခြားဦးစီးဌာနများ ရှိနေခြင်း။ |
| အလုပ်လုပ်နိုင်သူဦးရေများခြင်း | ကျေးရွာအတွင်း အသက်အုပ်စုများအရ အလုပ်လုပ်နိုင်သူဦးရေ (၇၂)%ကျော် ရှိနေခြင်း။ |
| ချေးငွေထုတ်ချေးနိုင်မည့် နေရာများရှိခြင်း | သမဝါယမအသင်းရှိခြင်း။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | လုပ်သားအင်အား အသင့်အတင့်ရရှိနိုင်ပါသည်။ |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည်ပါ။ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည်ပါ။ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | - |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှု နည်းသည်။ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရရှိပါ။ |
| ချေးငွေ ရရှိနိုင်ခြင်း | ချေးငွေရနိုင်ပါသည်။ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ ဖြိုးတိုးတက်မှုဆိုင်ရာ | - |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဝန်ဆောင်မှု ရရှိခြင်း | |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်)အသက်မွေးဝမ်းကျောင်း ပြုနိုင် သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | - |
| အလုပ်အကိုင် အခွင့်အလမ်း | အသင့်အတင့် ရှိပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာမှ မည့်သည့်ထုတ်ကုန်မျှ ထုတ်လုပ်မှုမရှိခြင်းနှင့် ဈေးကွက်ဆိုင် ရာချိတ်ဆက်မှုအားနည်းခြင်း၊ အသက်မွေးကြောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာကျပန်း အလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးနိုင်သည့် ချေးငွေပမာဏ နှင့် ပြန်လည်ပေးဆပ်သည့် ပုံစံကိုသတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| | ပုံစံ | အိမ်ထောင်စု အရေ အတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်းသွားလာ နေထိုင်သူ"တစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စုနှင့် လူဦးရေ | ၁၁၃ | ၉ | ၅ | **၁၄** | ၁၃၃ | ၈၆ | **၂၁၉** | ၁၄၂ | ၉၁ | **၂၃၃** |

| | ပုံစံ | အိမ်ထောင်စု အရေ အတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| ၂ | ၃ လ အထိ | - | - | **-** | ၁ | ၂ | **၃** | ၁ | ၂ | **၃** | |
| | ၆ လ အထိ | ၁ | ၂ | **၃** | ၇ | ၃ | **၁၀** | ၈ | ၅ | **၁၃** | |
| | ၁၂ လ အထိ | ၄ | - | **၄** | ၅ | ၇ | **၁၂** | ၉ | ၇ | **၁၆** | |
| | ၁၂ လ အထက် | ၄ | ၃ | **၇** | ၁၂၀ | ၇၄ | **၁၉၄** | ၁၂၄ | ၇၇ | **၂၀၁** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**မှတ်ချက်။ ။** ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘော ဆန္ဒပါမှု မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည်ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်း တစ်နယ် တစ်ကြေးသို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **"ရွှေ့ပြောင်းသွားလာနေထိုင်သူ"** ဟု သတ် မှတ်သည်။ ယခင်က ရွှေ့ပြောင်းသွားလာ နေထိုင်ခဲ့ စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည် အခြေချနေထိုင်လျှက် ရှိသူများသည် ဤဇယားတွင်အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီသွားနေ သူများသည်လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

**လေ့လာတွေ့ရှိချက်။ ။**ကညင်တပင်ကျေးရွာမှ ရွှေ့ပြောင်းလုပ်ကိုင်ကြသူ အများစုမှာ ထိုင်းနိုင်ငံသို့ သွား ရောက်လုပ်ကိုင်ကြသူများ ဖြစ်ပါသည်။ အများအားဖြင့် ကာလရှည် သွားရောက်လုပ်ကိုင်သူ များပါသည်။ အမျိုးသားဦးရေ ပိုများသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၂၃၃ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | - |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာမှ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြသူများမှာ လုပ်ခလစာပိုမိုရရှိ ခြင်းကြောင့် သွားရောက်လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ ကျေးရွာရှိ လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိ ယာများ ပိုမိုအသုံးပြုလာခြင်း၊ တောင်သူများသည် လုပ်ငန်းခွင်မှ အကျိုးအမြတ်အရနည်းသဖြင့် လုပ်အားခ မြင့်မားစွာ မပေးနိုင်ခြင်း စသည်တို့ကလည်း ကျေးရွာအတွင်း အလုပ်အကိုင် အခွင့်အလမ်းရှားပါးလာရခြင်း၏ အကြောင်းရင်းများ ဖြစ်ပါသည်။

## (၂.၃. ၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | %ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁၁၃ | ၅၆% | ၇၆ | ၃၅ | ၂ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၅၀ | ၂၅% | ☒ | | |
| | - ခ။ ဘဏ် | ၆၂ | ၃၀.၅% | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | ၁ | ၀.၅% | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းနှစ်မျိုးကို အသုံးပြု၍ | - | | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍ | - | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာရှိ အိမ်ထောင်စုများ၏ (၀.၃၇%)ခန့်မှာ ပြင်ပတွင် သွားရောက်

လုပ်ကိုင်သူ များ၏ ပြန်ပို့ငွေကို တိုက်ရိုက်မှီခိုနေရပါသည်။ လုပ်အားခရရှိသောငွေကြေးများကို ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)ဖြင့် သော်လည်းကောင်း၊ ဘဏ်ဖြင့်သော်လည်းကောင်း၊ ပြန်ပို့ပေးကြပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ကတုတ်ဘုရားကြီး | ဒိုက်ဦး |
| ရွာမှအကွာအဝေး (မိုင်) | (၄)မိုင် ကွာဝေးပါသည်။ | (၁၄)မိုင် ကွာဝေးပါသည်။ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ကား၊ ဆိုင်ကယ်၊ စက်ဘီး | ကား၊ ဆိုင်ကယ်၊ စက်ဘီး |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု | ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်ပါသည်။ | ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်ပါသည်။ |
| ဈေးအခြေခံအဆောက်အဦး | ဆိုင်ခန်းများ | မြို့မဈေး |
| ဝန်ဆောင်မှု | အသင့်အတင့်ရှိပါသည်။ | အသင့်အတင့်ရှိပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ကညင်တပင်ကျေးရွာအနေဖြင့် အရေးပေါ်လိုအပ်သည်များကို ဝယ်ယူရန်နှင့် ရောင်း ချရန် (၄)မိုင်ကွာဝေးသော ကတုတ်ဘုရားကြီးကျေးရွာဈေးသို့ သွားရောက်လေ့ရှိသည်။ ကတုတ်ဘုရားကြီး ကျေးရွာဈေးတွင် ပစ္စည်းစုံဝယ်ယူရရှိနိုင်ပါသည်။ သို့ရာတွင် ရွာထွက် စပါး၊ ပဲတီစိမ်းတို့ကို ကျေးရွာအတွင်း တွင်သာ ရောင်းချကြပါသည်။ ရွာမှ(၁၄)မိုင်ကွာဝေးသည့် ဒိုက်ဦးမြို့မဈေးသို့လည်း သွားရောက်ဝယ်ယူ ရောင်းချကြပါသည်။ လွတ်လပ်စွာ ဝယ်ယူနိုင်ပြီး လက်လီ၊လက်ကား ဝယ်ယူရရှိနိုင်ပါသည်။ ခရီးစရိတ်မှာ လိုင်းကားဖြင့် သွားလျှင် (၁၅၀၀) ကျပ် ကုန်ကျပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| **ချေးငွေ ရရှိနိုင်သည့် နေရာ** | **ငွေကြေးဝန် ဆောင်မှု အမျိုးအစား** | **ပြန်လည် ပေးဆပ်ရမ ည့် ကာလ** | **အတိုးနှု န်း (လ)** | **အပေါင် ခံ ပစ္စည်း လိုအပ်မှု** | **ချေးငွေရရန် အခက်အခဲများ** |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့ လယ်ယာဖွံ့ ဖြိုးရေးဘဏ်) | ကာလတိုချေးငွေ | ၆ လတကြိမ် | (၀.၄၂) ကျပ် | ပုံစံ(၇) | ၃ဦးတစ်ဖွဲ့ ဝိုင်းကြီးချုပ်ဖွဲ့ထား ၍ တစ်ဦးမှ ပြန်ဆပ်ချိန် နောက်ကျလျှင် ကျန် ၂ဦးလည်းနောက်ကျ ။ |
| သမဝါယမချေး ငွေ | ကာလတိုချေးငွေ | ၆ လတကြိမ် | (၂.၅) ကျပ် | မလို အပ်ပါ | - |
| ပုဂ္ဂလိကဘဏ် | - | - | - | - | - |
| ပုဂ္ဂလိကအသေး စား ချေးငွေဝန် ဆောင်မှု ကဏ္ဍ | - | - | - | - | - |
| အဖွဲ့အလိုက် ငွေစု/ ငွေချေး အစီအစဉ် | - | - | - | - | - |
| ငွေချေးပေးသူ | ချေးငွေ | အကန့်အ သတ်မရှိ | (၅-၁၀) ကျပ် | မလို အပ်ပါ | အတိုးနှုန်းမြင့် ပြန်မဆပ်နိုင် |
| အပေါင်ဆိုင် | - | - | - | - | - |
| မိတ်ဆွေနှင့်ဆွေ မျိုးများ | - | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင် မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။စိုက်ပျိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ကေလျှင်

(၁၅၀,၀၀၀)

ကျပ်နှုန်း ထုတ်ချေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀)ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့်ကာလမှာ (၆)လ ဖြစ်သည်။ လယ်သမားများအနေဖြင့် တစ်ဧကလျှင် (၁၅၀,၀၀၀)ကျပ်နှုန်းဖြင့် လုံလောက်ခြင်းမရှိချေ။ တစ်ဧကကုန်ကျစရိတ်မှာ (၂၀၀,၀၀၀)ကျပ် ခန့်ကုန်ကျသည်။ ထို့အပြင် စိုက်ပျိုးရေးချေးငွေကို ပြန်လည်ပေးဆပ်ရန် အချိန်ကျလာပါက စိတ်ကြိုက် ဈေးနှုန်းမရရှိဘဲ ရောင်းချရခြင်း၊ အခြားမှငွေတို့ဖြင့် ယူ၍ရောင်းချရခြင်း စသည့် အခက်အခဲများ ရှိနေပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု(မြင့်/လတ်/နိမ့်) |
|---|---|
| မြေဆီဩဇာ အခြေအနေ | လတ် |
| အပင်မျိုးစိတ်များ | မြင့် |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် |
| ရေအရင်းအမြစ် | နိမ့် |
| ငါးမျိုးကွဲများ | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** စိုက်ပျိုးမြေများတွင် နွားချေး မြေဩဇာကို ပြန်လည်ဖြည့်တင်းမှု မရှိတော့သည်မှာ ကာလကြာမြင့်ခဲ့ပြီအပြင် အထွက်ကောင်းစပါးများ စိုက်ပျိုးလာခြင်းကြောင့် ဓါတုမြေဩဇာသုံးစွဲမှု မြင့်မား လာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိနေသည်။ ရှေးယခင်က သစ်တောများ ပျောက်ကွယ်သွားပြီ ဖြစ်သည်။ စိုက်ပျိုးသီးနှံများတွင် ပိုးမွှားရောဂါ ကာကွယ် နှိမ်နင်းသည့် နည်းလမ်းများ သိရှိရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း အလေ့အကျင့် ရှိသော်လည်း တစ်ရွာလုံး ပါဝင်ပြီး

စနစ်တကျ ပြုလုပ်သည့် စနစ်မရှိသေးပါ။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂၂ | ၃၄ | ၅၆ | ၅.၇၄% |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၃၃၉ | ၃၅၀ | ၆၈၉ | ၇၀.၆၆% |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၈၀ | ၆၃ | ၁၄၃ | ၁၄.၆၇% |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၃၅ | ၂၆ | ၆၁ | ၆.၂၆% |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၁၂ | ၁၄ | ၂၆ | ၂၆% |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**မှတ်ချက်**။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊</u> **<u>ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော</u>** <u>အတန်းပညာ တက်ရောက် ပြီး/တက်ရောက် ဆဲသူ များကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်း မရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်း ပညာပြီး မြောက်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက်ဆုံး ပညာရေး အဆင့်/အခြေအနေကို ဆိုလိုပါ သည်။

ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **"အလယ်တန်းအဆင့်ရှိသူဦးရေ"** တွင် ထည့်သွင်းရပါမည်။

ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာ သင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ - ဘုန်းကြီး ကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/အဆိုပါပုဂ္ဂိုလ်ကို **"မူလတန်းအဆင့်ရှိသူဦးရေ"** တွင်သာ ထည့်သွင်း ရပါမည်။ **"ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်း သူ/သားများကို သက်ဆိုင်ရာအတန်းပညာ အဆင့်အလိုက် ထည့်သွင်းရပါမည်။ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံး သင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံး၀ မတတ်ပါက **"စာမတတ်သူဦးရေ"** တွင်သာ

ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၄%) ရှိပါ သည်။ ဘွဲ့ရသူဦးရေ (၁၄)ဦး ရှိပါသည်။ မူလတန်းအဆင့်ရှိသူဦးရေမှာ (၉)နှစ်အထက် လူဦးရေ၏ (၇၀%) ရှိပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့တွင် လျော့နည်းလာပါသည်။ တက္ကသိုလ် အဆင့်ရှိသူဦးရေသည် အထက်တန်းအဆင့်ရှိသူဦးရေထက် (၄%)ခန့် လျော့နည်းပါသည်။

## (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း | ၇၄ | ၉၅ | ၁၆၉ | ၆၄.၇၅% |
| အလယ်တန်း | ၂၇ | ၂၄ | ၅၁ | ၁၉.၅၄% |
| အထက်တန်း | ၁၆ | ၁၃ | ၂၉ | ၁၁.၁၁% |
| တက္ကသိုလ်/ကောလိပ် | ၈ | ၄ | ၁၂ | ၄.၆% |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာ တက်ရောက်နေသူ များကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်း သင်ပညာရေး"**ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ် ထားသောပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များ** နှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းတွင် ကျောင်းသား (၁၅၃) ဦး ရှိပါသည်။ မူလတန်းအဆင့်အောင်မြင်သူများမှာ (၄)မိုင်ကွာဝေးသော ကတုတ်ဘုရားကြီးကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားကြပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းလွန်ကျောင်း | အထက်တန်းကျောင်း |
|---|---|---|
| ရွာမှ အကွာအဝေး (မိုင်) | ကျေးရွာအတွင်း | ကျေးရွာမှ (၄)မိုင် ကွာဝေး |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | စက်ဘီး၊ဆိုင်ကယ် |
| စာသင်ကျောင်း၏ စုစုပေါင်း | ၄၅၀ စတုရန်းပေ | - |

| အကြောင်းအရာ | မူလတန်းလွန်ကျောင်း | အထက်တန်းကျောင်း |
|---|---|---|
| ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်းမွန်ပါသည်။ | ကောင်းမွန်ပါသည်။ |
| ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်။ | လုံလောက်မှုရှိသည်။ |
| ကျောင်းအိမ်သာ အခြေအနေ | ကောင်းပါသည်။ | ကောင်းပါသည်။ |

| အကြောင်းအရာ | မူလတန်းလွန်ကျောင်း | | | အထက်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှု မရှိပါ။ | | | တိုက်ကျွေးမှုရှိသည်။ | | |
| ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၂ | ၆ | ၈ | | | |
| ကျေးရွာခန့် | - | ၁ | ၁ | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။မူလတန်းလွန်ကျောင်းမှာ ဘုန်းတော်ကြီးကျောင်းနှင့် ကပ်လျှက်သွားလာရလွယ်ကူ

သော ရွာထိပ်တွင် ရှိပါသည်။

### (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက်ပါသည်။ |
| တပည့် - ဆရာ အချိုး | ၄၀: ၁ အောက် |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | အနည်းငယ်သာရှိပါသည်။ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | မရှိပါ။ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဌာန်းပုံနှိပ်စာအုပ် အပြည့်အစုံ၊ ဝတ်စုံတစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေး ပြီး |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| | လေ့ကျင့်ခန်းစာအုပ်နှင့် စာရေးကိရိယာများ ကို ကျောင်းသားဝယ်သုံးရပါသည်။ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော် နေသည့်အတွက် ဆင်းရဲသော မိသားစု များ အတွက်လည်း ကျောင်းတက်ခွင့် ရနေပါသည်။ |
| ကျောင်းအားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမီမှု | မရှိပါ။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ရှိပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစု

များအတွက်လည်း ကျောင်းတက်ခွင့်ရနေပါသည်။

### (၂.၈) ကျန်းမာရေးနှင့် အာဟာရ

#### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု (မြင့်/နိမ့်/မရှိ) |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | နိမ့် |
| ၂ | သွေးလွန်တုပ်ကွေး | နိမ့် |
| ၃ | ငှက်ဖျား | မရှိ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မရှိ |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု (မြင့်/နိမ့်/မရှိ) |
|---|---|---|
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မရှိ |
| ၆ | တီဘီ | နိမ့် |
| ၇ | ဆီးချို | နိမ့် |
| ၈ | သွေးတိုး | နိမ့် |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု (မြင့်/နိမ့်/မရှိ) |
|---|---|---|
| ၁၀ | အာဟာရ ချို့တဲ့မှု | မရှိ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ကျေးရွာအတွင်း ဖျားနာတုတ်ကွေး၊ သွေးတိုး၊ ဆီးချို၊ တီဘီ၊ အသည်းရောင်အသားဝါ ရောဂါများ အဓိက ဖြစ်ပွားလေ့ရှိပြီး ကျေးလက်ကျန်းမာရေးဌာန မရှိပါ။ (၄)မိုင်ခန့် ကွာဝေးသည့် ကတုတ်ဘုရားကြီးကျေးရွာတွင်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသကြသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | | ✔ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ✔ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

### (၉-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု (ရှိ/မရှိ) |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/ | (၄)မိုင် | ရှိ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု (ရှိ/မရှိ) |
|---|---|---|
| ဌာနခွဲ | | |
| တိုက်နယ် ဆေးရုံ | | ရှိ |
| မြို့နယ် ဆေးရုံ | (၁၄)မိုင် | ရှိ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသောအိမ်ထောင်စု | **သောက်သုံးရေ အရည်အသွေး စမ်း သပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | **ရေ အရည်အသွေး** (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (နွေ/မိုး/ဆောင်း)** |
|---|---|---|---|---|
| ရေတွင်း | ၅၂ | ရှိ | ညံ့ | နွေ/မိုး/ဆောင်း |
| အဝီစိတွင်း/ စက်တပ် | ၃၉ | ရှိ | ညံ့ | နွေ/မိုး/ဆောင်း |
| အဝီစိတွင်း/ တုံကင် | ၇၅ | ရှိ | ညံ့ | နွေ/မိုး/ဆောင်း |
| မိုးရေ သိုလှောင်ကန် | - | - | - | - |
| မြစ်/ချောင်းရေ | - | - | - | - |
| ရေကန် | - | - | - | - |
| စိမ့်စမ်းရေ | - | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ အိမ်ထောင်စုများသည် အိမ်ဝန်းအတွင်း ရေတွင်းများ ရှိကြပြီး ငွေကြေးတတ်နိုင်သည့် အိမ်ထောင်စုများသည် အဝီစိတွင်/စက်တပ်ကို အသုံးပြုကြပြီး အများစုသည် အဝီစိတွင်/တုံကင်များကို အသုံးပြု၍ သောက်သုံးရေရယူကြသော်လည်း ရေအရည်အသွေးမှာ ညံ့ပါသည်။ အနည်ထိုင်စစ်ပြီးမှသာ သောက်သုံးရေရရှိပါသည်။

### (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |

| သုံးစွဲနိုင်သော အိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| ရေဆွဲ အိမ်သာ | ၂ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၇၈ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၂၃ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၁၇၈) အိမ်ထောင်စုရှိပြီး ရေဆွဲအိမ်သာသုံးစွဲသူအိမ်ထောင်စု (၂)အိမ်ထောင်စုရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု (၂၃)အိမ်ထောင်စုရှိပါသည်။

### (၂.၁၀) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် (ရှိ/မရှိ) |
|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | မရှိ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | မရှိ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | မရှိ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊

အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းပါသည်။ သို့ရာတွင် ကျေးရွာ၏ သာရေး/နာရေးကိစ္စရပ်များတွင် အားတက်သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတ မှုဆိုင် ရာများအတွက် လူထု၏အသိအမြင် ရှိမှုမရှိပါသဖြင့် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေ လိုပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃/၄/၅) | အရည် အသွေး (ကောင်း/ သင့်/ညံ့) | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ | သင့် | ၂၀၁၇ | ပွင့်လင်းရာသီ | (၀/၆.၂၇)မိုင် |
| ချဉ်းကပ်လမ်း | ၃ | သင့် | ၂၀၀၃ | တစ်နှစ်ပတ် လုံး | (၃/၆)မိုင် |
| ရွာချင်းဆက်လမ်း | ၃ | သင့် | ၂၀၁၄ | တစ်နှစ်ပတ် လုံး | (၁)မိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး (ကောင်း/သင့်/ညံ့) | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံ | - | - | - | - |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး (ကောင်း/သင့်/ညံ့) | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| တား | | | | |
| ကွန်ကရစ်တံတား | - | - | - | - |
| သစ်သားတံတား | ၁၃၀ပေ×၈ပေ×၇ပေ | ညံ့ | ၂၀၁၄ | တစ်နှစ်ပတ်လုံး |
| ကြိုးတံတား | - | - | - | - |
| ဝါးတံတား | - | - | - | - |
| ရေပွြန် | - | - | - | - |
| ရေကျော် | - | - | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာသို့ သွားသည့် သစ်သားတံတားမှာ ၂၀၁၄ခုနှစ်တွင် ကျေးရွာမှ တည်ဆောက်ထားခဲ့ပြီး အခုအခါ ပြုပြင်ရန်လိုအပ်လျှက် ရှိပါသည်။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | အသုံးမပြုပါ | - | - |
| ပင်လယ်ရေကြောင်း | အသုံးမပြုပါ | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာသည် မြစ်ကြောင်း၊ ပင်လယ်နှင့် ဝေးကွာပြီး ကုန်းလမ်းပို့ဆောင်ရေးကိုသာ အဓိကအားထား အသုံးပြုကြပါသည်။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | ကျွဲလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၇၇ | ၈၃ | - | - | ၂ | - | ၁၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ တစ်နှစ် ပတ်လုံးအသုံးပြုပါသည်။ အသုံးပြုသောယာဉ်များမှာ စက်ဘီး (၇၇)စီး၊ မော်တော်ဆိုင်ကယ် (၈၃)စီးနှင့် ကား (၂)စီး ရှိပါသည်။ လယ်ယာလုပ်ငန်းခွင် အသုံးပြုသည့် ကျွဲလှည်း (၁၄)စီး ရှိပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲ (ရှိ/မရှိ) |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၈၆ | ကောင်း | မရှိ |
| ဆိုလာစနစ် | ၈၀ | သင့် | |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | ၄ | သင့် | - |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | ၆ | သင့် | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | - | - | - |
| လျှပ်စစ်မီးအသုံးမပြုနိုင်သော | ၂၇ | ☒ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် ကိုယ်ထူကိုယ်ထ မီးလင်းရေးအစီအစဉ်ဖြင့် မဟာဓာတ်အားလိုင်းမှ ၂၀၁၇ခုနှစ်တွင် လျှပ်စစ်မီးချိတ်ဆက်ရယူခဲ့ပြီး လက်ရှိကာလတွင် ကျေးရွာ အိမ်ထောင်စု၏ (၄၂%)မှ ရယူသုံးစွဲနေပါသည်။ ကျန်ရှိသော အိမ်ထောင်စု (၅၈%)အား မီးရရှိနိုင်ရန်အတွက် ကျေးရွာ၏ လိုအပ်ချက်ဦးစားပေး(၄)အဆင့်တွင် ဖော်ပြထားပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၂၃၉ | ၂၉ | ၈၀ | ၄၅ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကညင်တပင်ကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန်နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | မရှိပါ။ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | အသင့်အတင့်ရှိပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | အသင့်အတင့်ရှိပါသည်။ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | မရှိပါ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | အသင့်အတင့်ရှိပါသည်။ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | နည်းပါးသည်။ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | မရှိပါ။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင် ပါဝင်ဆောင်ရွက် ကြပါသည်။ စာကြည့်တိုက်မရှိသည့်အတွက် စာကြည့်တိုက်မြေနေရာအတွက် အလှူရှင်ရှိပါက ကျေးရွာ စာကြည့်တိုက်တစ်ခု ထားရှိရန် လိုအပ်နေပါသည်။ လူငယ်အဖွဲ့ စနစ်တကျဖွဲ့စည်းရေး နှင့် စွမ်းရည်မြှင့်တင် ပေးရန် အဆိုပြုကြပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြုအဆောက်အဦများရှိခြင်း | ဆက်သွယ်ရေး Network၊ တယ်လီဖုန်း လက်လှန်းမီမှု ရှိသည်။ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု မရှိကြသေးပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိသေးပါ။ |
| မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင် ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရဲစခန်းမှ လုံခြုံရေးအကူအညီများ ရရှိပါသည်။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီ တို့မှ သိရှိ ရပါသည်။ ဒိုက်ဦးမြို့တွင် ရဲစခန်း တည်ရှိပါသည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| မှုခင်းဖြစ်ပွားမှု | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| အခြေအနေ | မရှိ | မရှိ | မရှိ | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တစ်ခါတစ်ရံ မိသားစုချင်း ပြဿနာ အနည်းငယ်သာ ရှိတတ်ပါသည်။ မှုခင်းဖြစ်ပွားမှု ကြီးကြီးမားမား မရှိလှပါ။ ကညင်တပင်ကျေးရွာနှင့် (၆)မိုင်ခန့်အကွာအဝေးတွင် ဖောင်တော်သီရဲစခန်း ရှိပါသည်။

နောက်ဆုံးတွဲ( ၂ )

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### ဇယား(၄၉) ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက်များ |
|---|---|
| **လူသားအရင်းအမြစ်**<br>- အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း | - ကညင်တပင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ ကျား (၃၉၇)ဦးနှင့် မ (၃၆၀)ဦး၊ စုစုပေါင်း (၇၅၇)ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ ၏ (၇၂%)ကျော် ရှိပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးအတွက် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင် နိုင်သည့် လူသားအရင်းအမြစ်များ ပေါများ သည့်အပြင် ကျေးရွာ၏ လယ်ယာစိုက်ပျိုး ထုတ်လုပ်ခြင်း၊ အခြားဝင်ငွေရလုပ် ငန်း များ အတွက်လည်း မှီခိုအားထားမှု ပြုနိုင်မည့် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။ |
| **သီးနှံထုတ်လုပ်မှု**<br>- စပါးသီးနှံထုတ်လုပ်ရေးမှ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း<br>- စက်ကိရိယာများ လယ်ကူစွာ ငှားရမ်းနိုင်ခြင်း | - ကညင်တပင်ကျေးရွာတွင် မိုးစပါး စိုက်ပျိုး ထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် စပါး ဈေးနှုန်းမကောင်း၍ အကျိုးအမြတ်အရ နည်းသော်လည်း လယ်ယာလုပ်ငန်းအား မှီခိုအားကိုးနေရသည့် မိသားစုများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေး နိုင်ခြင်းဖြင့် ဝင်ငွေနှင့်စားနပ်ရိက္ခာကို အတန်<br>- အသင့်ဖူလုံစေသည်ဟု ဆိုရမည် ဖြစ်ပါသည်။ |
| **မွေးမြူရေးလုပ်ငန်းများ** | - ကညင်တပင်ကျေးရွာတွင် မွေးမြူရေး |

| | |
|---|---|
| ဈေးကွက်ကောင်းခြင်း | ထွက်ကုန် ရောင်းချရန် ဈေးကွက်ကောင်း သဖြင့် ကြက်နှင့်ဝက်တို့ကို တိုးချဲ့ မွေးမြူရန် အခွင့်အလမ်းသာသည်။ |
| **ချေးငွေဝန်ဆောင်မှု**<br>- သင့်တော်သော ရင်းနှီးငွေများ ချေးယူရနိုင် ခြင်း | - စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စု အများစုမှ အသက်မွေးမှုပြုကြသဖြင့် မြန် မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေး သော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ သမဝါ ယမချေး ငွေများကို လက်လှမ်းမီ သည့်အ တွက်ကြောင့် မိမိတို့ အသက်မွေးဝမ်း ကျောင်း လုပ်ငန်းများ အတွက် သင့်တော် သော ရင်းနှီးငွေပမာဏ အား ရရှိနိုင် ပါသည်။ |

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက်များ |
|---|---|
| **လမ်းပန်းဆက်သွယ်ရေး**<br>- ပဲခူးမြို့၊ ဒိုက်ဦးမြို့တို့နှင့် အလှမ်းမကွာ ခြင်း | - ကားလမ်းဖြင့် အလွယ်တကူ ကူးသန်း သွား လာနိုင်သည်။ လမ်းပန်း ဆက်သွယ် ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက် ကုန်များကို အချိန်မီ တင်ပို့ရောင်း ချနိုင် သည်။ ကျန်းမာ ရေးပွဲပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့ လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြ သည်။ |
| **လျှပ်စစ်မီး ရရှိခြင်း**<br>- မဟာဓာတ်အားလိုင်းမှ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီး ချိတ်ဆက်ထားခြင်း | - ကညင်တပင်ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံး စွဲနိုင်ကြ သဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုးဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်း သား/သူများအတွက် စာဖတ်ရာတွင် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှု အဆင့်အတန်း မြင့်မားလာရေး အတွက် အထောက်အကူပြုနေသည်။ |
| **လူငယ်နှင့် ယဉ်ကျေးမှု** | - ကျေးရွာတွင် လူငယ်များအနေဖြင့် |

| | |
|---|---|
| - လူငယ်များသည် ကျေးရွာ၏သာရေး၊ နာရေးကိစ္စရပ်များတွင်တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်း<br>- မိသားစုကျေးရွာဖြစ်၍ မှုခင်းကြီးကြီး မားမားမရှိခြင်း | သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ဝေယျာဝစ္စလုပ် ခြင်း၊ လုပ်အား ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိအိမ်ထောင်စု အများစုသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမားမှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာ ဖွံ့ဖြိုးတိုး တက်ရေးအတွက် အခွင့်အလမ်းတစ်ရပ် လည်း ဖြစ်သည်။ |

**ဇယား (၅၀) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက်များ |
|---|---|
| **အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး**<br>- အဖွဲ့အစည်းဆိုင်ရာ သဘောတရားများကို နားလည်မှု အားနည်းခြင်း<br>- စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်း ဝေးခြင်း | - ကညင်တပင်ကျေးရွာတွင်ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများရှိသော်လည်း အုပ်ချုပ်ရေး ကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။ ကျေး ရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်း ဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေး ခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ |

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက်များ |
|---|---|
| **သီးနှံထုတ်လုပ်ရေး**<br>- လယ်ယာမြေ တိုးချဲ့ရန် မဖြစ် နိုင်ခြင်း<br>- စက်ကိရိယာငှားရမ်းခ မြင့်မား | - ကျေးရွာရှိ လယ်ယာမြေများမှ မြေဆီလွှာ အသင့် အတင့် ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ် |

| | |
|---|---|
| ခြင်း၊ မလုံလောက်ခြင်း | သမားများအဖို့ အထွက်နှုန်း တိုးမြင့်အောင် အားစိုက်ရပေမည်။<br>- စပါးအထွက်တိုးနည်းပညာများကို နည်း ပညာ ဝန် ဆောင်မှု အဖွဲ့များထံမှ ရရှိနိုင်သော်လည်း အရင်း အနှီး မလုံလောက်သောကြောင့် အထွက်တိုးနည်းပ ညာများ၏ ရလဒ်ကို အထင်အရှား မမြင်ရနိုင်၍ နည်းပညာ ပြန့်ပွား ကျင့်သုံးမှု နှင့် တောင်သူအားလုံး အကျိုး အမြတ် ဖြစ်ထွန်းလာရန် အချိန်များစွာ ယူရဦး မည် ဖြစ်ပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>- စီးပွားဖြစ် မွေးမြူရေး နည်း ပညာများ သိရှိမှုအားနည်းခြင်း | - စိုက်ပျိုးရေးလုပ်ငန်းကိုသာ ဦးစားပေး လုပ် ကိုင်ကြပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုသာ လုပ်ကိုင်ကြသည်။<br>- မွေးမြူရေးနည်းပညာ ဝန်ဆောင်မှု အကန့်အ သတ်ရှိ ခြင်းတို့အပြင် မွေးမြူရေးဈေးကွက် သဘောတရား များနှင့် ချိတ်ဆက်မှုကွင်းဆက် များအား နားလည်မှု မရှိခြင်းတို့ကြောင့် ကျေးရွာတွင် မွေးမြူရေးကဏ္ဍ၌ ကျယ်ကျယ် ပြန့်ပြန့် မွေးမြူလာကြရန် မဝံ့မရဲ ဖြစ်နေ ကြပါသည်။ |
| **စိုက်ပျိုး မွေးမြူရေးမဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းများ**<br>- အသက်မွေးဝမ်းကျောင်းပညာများ တက်မြောက်မှုအားနည်းခြင်း<br>- ရင်းနှီးငွေမရှိခြင်း | - စိုက်ပျိုး မွေးမြူရေးမဟုတ်သော အခြားဝင် ငွေရလုပ် ငန်းများ လုပ်ကိုင်ကြသော မိသားစု များမှာ အသက် မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုအားနည်း ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက် ကုန် ကြမ်းမှ ကုန် ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိ ကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ် သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေ ရရှိရန် အကန့် အသတ်များရှိခြင်း စသည်တို့ ကလည်း လိုအပ်ချက် များ ရှိနေဆဲဖြစ်သည်။ |
| **ချေးငွေဝန်ဆောင်မှု**<br>- ချေးငွေကာလတိုတောင်းခြင်း<br>- ချေးငွေပမာဏမလုံလောက်ခြင်း | - ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမ ဝါယမအသင်းအဖွဲ့များမှ ချေးငွေများ ရရှိသော်လည်း တင်းကျပ်သော ချေးငွေ |

| | |
|---|---|
| | စည်းမျဉ်းများနှင့် ချေးငွေ ကာလတို တောင်းခြင်း များသည် တောင်သူများ၏ အကျိုးအ မြတ်ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေ ဆဲဖြစ်သည်။ |
| **လမ်း၊တံတား**<br>- လမ်း၊တံတားများ အဆင့်မြှင့်တင်ရေး အတွက် ကျေးရွာလူထုမှ မတည်ငွေ လိုအပ်ခြင်း | - ရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်း၊ တံတား အဆင့်မြှင့် တင်ရေးတို့အတွက် ကျေးရွာ လူထုမှ မတည်ငွေလိုအပ် ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်လုပ်ဆောင် ရန် လိုအပ်နေပါသည်။ |

**နောက်ဆက်တွဲ (၃)**

**ကညင်တပင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေ ရှိသည့် ဖြေရှင်းနည်းဆီသို့**

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ်စေ သောအကြောင်း အရင်း/ဇစ်မြစ် | အလား အလာ | အဟန့်အတား | ဖြေရှင်းရန် နည်းလမ်း | အဆိုပြုစီမံ ချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ-အဖွဲ့အစည်း** | | | | | | |
| ၁။ | - ကျေးရွာက စည်းလုံးညီညွတ်စွာလုပ်ဆောင်လေ့ရှိသော်လည်း စနစ်တကျဖွဲ့စည်းလုပ်ဆောင်တတ်မှုအားနည်းခြင်း။ - မည်သည့်လုပ်ငန်းမဆို ဦးဆောင်သူများမှာ အမြဲလိုလုပ်ဆောင်နေကြသူ များသာဖြစ်ခြင်း။ - အမျိုးသမီးများပါဝင်မှုအားနည်း ခြင်း။ | - အသိပညာများ လေ့လာမှု အားနည်း ခြင်း။ - အခြားသူများ ပါဝင်ဦးဆောင် လာအောင် လုပ်ဆောင် နိုင်မှုအားနည်းခြင်း။ -တိကျသည့် လမ်း ညွှန်မှု မရရှိခြင်း။ - တာဝန်၊ ဝတ္တရား များအတိုင်း လုပ် ဆောင်နိုင်စွမ်း အား နည်းခြင်း။ | -နည်းပညာ များ သင်ယူ လိုစိတ်ရှိ ခြင်း။ | -အဖွဲ့အစည်း များ စနစ်ကျ မှုနည်းပါး ခြင်း။ -အတွေ့အကြုံ နည်း၍ အမှား များမည် စိုး ရိမ်ခြင်း။ | -ကျေးရွာသူ/ သားများ အ စည်းအဝေး ပိုမိုတက်ရော က်စေ ခြင်း။ -ပိုမိုပါဝင်ခြင်း ဖြင့် သယ်ယူ ခြင်း။ -ကျေးရွာဖွံ့ ဖြိုးရေးကော် မတီအားဖွံ့ ဖြိုး ရေးသဘော တရားများ၊ အဖွဲ့ အစည်းဆိုင် ရာ စီမံခန့်ခွဲမှု စွမ်းရည်များ မြှင့်တင်ခြင်း။ | <u>အဖွဲ့အစည်း များစီမံအုပ် ချုပ်မှုတိုး တက်ကော င်းမွန်ရေး</u> -ကျေးရွာ ကိုယ်စားပြု ဖွံ့ဖြိုးရေးအ ဖွဲ့ ဖွဲ့စည်း ခြင်း။ -စီမံခန့်ခွဲမှု၊ ခေါင်းဆောင် မှု သင်တန်း များ စီစဉ်ပေး ခြင်း။ -အစည်းအ ဝေးများတွင် အမျိုးသမီး ပိုမိုပါဝင်စေ ခြင်း။ |
| **ကဏ္ဍ-စိုက်ပျိုးရေး** | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၂။ | - ရေအရင်းအမြစ် | -ရေမြောင်းများကောခြင်း။<br>-ပျက်စီးယို့ယွင်းပိတ်ဆို့ခြင်း။ | - | -ရေလုံလောက်စွာမရရှိခြင်း။<br>-စက်ယန္တရားများငှားရမ်းရန်မလွယ်ကူခြင်း ။ | -ရေမြောင်းများအားပြုပြင်ဆောင်ရွက်ရန်။<br>- စက်ယန္တရားများအားအလွယ်တကူငှားရမ်းသုံးစွဲနိုင်မည့် ဌာန၊ ပုဂ္ဂလိကများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။ | <u>စိုက်ပျိုးထုတ် လုပ်မှုတိုး တက်ရေး</u><br>- ဆည်မြောင်းဦးစီးနဲ့ ပေါင်းစပ်၍ ဆောင်ရွက်ရန်။ |

| **စဉ်** | **အခက်အခဲ/** | **အခက်အခဲဖြစ်** | **အလားအလာ** | **အဟန့်အတား** | **ဖြေရှင်းရန်** | **အဆိုပြုစီမံ** |
|---|---|---|---|---|---|---|

| ပြဿနာ | စေသောအကြောင်းအရင်း/ဇစ်မြစ် | | | နည်းလမ်း | ချက် |
|---|---|---|---|---|---|
| -ဈေးငွေ | -ဈေးငွေထုတ်ဈေးချိန်နောက်ကျခြင်း။ | -သီးနှံအားအချိန်မီစိုက်ပျိုးနိုင်၍အကျိုးအမြတ်ပိုမိုရရှိနိုင်ခြင်း။ | -ဈေးငွေရရှိချိန်ကြန့်ကြာခြင်း။ | -ဝိုင်းကြီးချုပ်စနစ်မဟုတ်ဘဲ တစ်ဦးချင်းဈေးငွေချေးပေးရန်။ | -စိုက်ပျိုးရေးဘဏ်အားဆက်သွယ်၍ ဆောင်ရွက်ပေး၍ ရ/မရ မေးမြန်းဆောင်ရွက်ရန်။ |
| -စိုက်ပျိုးရေးနည်းပညာ | -နည်းပညာပိုင်းအားနည်းခြင်း။ | -သီးနှံအထွက်တိုးနိုင်ခြင်း။ | -ခေတ်မီစိုက်ပျိုးရေးနည်းပညာအားနည်းခြင်း။ | -စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်။ | -သီးနှံအထွက်တိုးနည်းပညာများရရှိနိုင်စေရန်စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။ |
| -စားကျက်မြေ | -စားကျက်မြေနည်းပါးခြင်း။ | -တိရစ္ဆာန်များလုံလောက်စွာ လွတ်ကျောင်းနိုင်မည့်စားကျက်များရှိလာနိုင်ခြင်း။ | -စားကျက်မြေများ ယခင်ကထက်လျော့နည်းလာခြင်း။ | -မြို့နယ်ထွေအုပ်နှင့် မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားတင်ပြရန်။ | -မြို့နယ်ထွေအုပ်၊မြေစာရင်းဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားရန်။ |

**ကဏ္ဍ-မွေးမြူရေး**

| | | | | | | |
|---|---|---|---|---|---|---|
| ၃။ | -တစ်ပိုင်တစ်နိုင်သာမွေးမြူကြခြင်း။ | -စိုက်ပျိုးရေးလုပ်ငန်းကိုသာ အားသာခြင်း၊အရင်းအနှီး မလုံလောက်ခြင်း၊စီးပွားဖြစ် မွေးမြူနည်းတို့ကို သိရှိမှုအားနည်းခြင်း။ | -တိရစ္ဆာန်များအတွက် ရေနှင့် အစားအစာ လုံလောက်မှုရှိခြင်း။ -သွားလာရ လွယ်ကူပြီး မြို့နှင့် အလှမ်းမဝေးခြင်း။ -ရောင်းချရ လွယ်ကူခြင်း။ | -မွေးမြူရေး နည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း။ -မွေး/ကုဦးစီး ဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း။ | -လုံလောက်သော ရင်းနှီးငွေ ရရှိရေး အတွက် ချိတ်ဆက်လုပ်ဆောင်ခြင်း။ | -မျိုးသန့်များ ရရှိမွေးမြူခြင်း ဖြင့် မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။ |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ်စေသောအကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန် နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ- စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၄။ | -ပုံမှန်ဝင်ငွေမရှိခြင်း။ | -စီးပွားရေးအခြေအနေအရနှင့်သွားလာရခက်ခဲခြင်း။ -အလုပ်အကိုင်ရှားပါးခြင်း။ | - | -အလုပ်အကိုင် ပုံမှန်မရှိခြင်း။ | -အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်နှင့် ကိုယ်ပိုင်အရင်းအနှီးများရရှိရန်။ -အတိုးနှုန်းသက်သာသော ချေးငွေများ | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရန် ဆောင်ရွက်ခြင်း။ -ကျေးလက်ဦးစီးဌာနမှ အသက်မွေးဝမ်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ထုတ်ချေးပေး ရန်။ | ကြောင်းဆိုင် ရာ အထောက် အကူပြုသင် တန်းများဖွင့် လှစ်ပေးရန်။ -မြစိမ်းရောင် ကျေးရွာစီမံ ကိန်းဆောင် ရွက်ပေးရန်။ |
| **ကဏ္ဍ- ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၅။ | -စိုက်စရိတ် ချေး ငွေကို အမြန် ပေး ဆပ်ရသဖြင့် စပါးဈေးကော င်း သည့်အထိ မစောင့်နိုင်ဘဲ စပါးပေါ်ပေါ် ခြင်း ထုတ် ရောင်းရခြင်း။ | -ချေးငွေပမာဏ နည်းပါးခြင်း။ - မြန်မာ့လယ်ယာဖွံ့ ဖြိုးရေးဘဏ်မှ (၆) လသာ ထုတ်ချေး ခြင်း။ -စပါးပေါ်ပေါ်ချင်း ရောင်း၍ဆပ်ရခြ င်း။ -အရင်းအနှီးမရှိ ခြင်း။ -စပါးဈေးနှုန်း ကျ ဆင်းခြင်း။ | -မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ စိုက်ပျိုးရေး ချေးငွေ၊ သမဝါယမ မှ စိုက်ပျိုးရေး ချေးငွေတို့ ကို လက်လှမ်း မီ ခြင်း။ | -ချေးငွေကို အကန့်အသတ် ဖြင့်သာ ထုတ် ပေးသည့် စနစ် ကိုလက်ရှိတွင် ကျင့်သုံးနေခြ င်း။ | -ငွေကြေးဝန် ဆောင်မှုက ဏ္ဍ တိုးတက် အောင် ပြုပြင် ပြောင်းလဲခြ င်း။ - ရင်းနှီးမတည် ငွေ ရရှိရန် ဆောင်ရွက် ခြင်း။ | လုံလောက် သောချေးငွေ ပမာဏအား သင့်တင့် သော အတိုးနှုန်းဖြ င့် ကာလရှည် ချေးငွေပေး နိုင်မည့် အဖွဲ့ များနှင့် ချိတ် ဆက်ခြင်း -အသက်မွေး ဝမ်းကျောင်း လုပ်ငန်းပေါ် မူတည်၍ အတိုးနှုန်း နည်းပြီး ကာ လရှည် ထုတ် ချေးနိုင်မည့် အဖွဲ့များနှင့် |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ချိတ်ဆက်ခြင်း။ |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ်စေသောအကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ- ကျန်းမာရေး** | | | | | | |
| ၆။ | -ကျေးလက်ဆေးပေးခန်းမရှိခြင်း။ | -မြို့နယ်ဆေးရုံနှင့်အလှမ်းဝေးခြင်း။ | _ | -ကျန်းမာရေးအသိပညာအားနည်းခြင်း။ | -အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း။ -ဆေးပေးခန်းဆောက်လုပ်ပေး၍ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးခြင်း။ | ကျန်းမာရေးအဆင့်အတန်း တိုးတက်ရေး -မြို့နယ်ကျန်းမာရေးဌာနနှင့်ဆက်သွယ်၍ဟောပြောပွဲများဆောင်ရွက်ပေးရန်နှင့်ကျေးလက်ဆေးပေးခန်းဆောင်ရွက်ပေးရန်လျှောက်ထားတင်ပြသွားရန်။ |

**ကဏ္ဍ- လူငယ်၊ယဉ်ကျေးမှုနှင့် အားကစား**

| | | | | | | |
|---|---|---|---|---|---|---|
| ၇။ | -အားကစား ကဏ္ဍ | -ဘောလုံးကွင်းမရှိခြင်း။ | - | -ငွေကြေးအခက်အခဲရှိခြင်း။ -မြေနေရာခက်ခဲခြင်း။ | -ကျေးရွာရပ်မိရပ်ဖများနှင့် ဆွေးနွေးတိုင်ပင်ပြီး ဘောလုံးကွင်း ရရှိရန်မြို့နယ်အား/ကာသို့ တင်ပြခြင်း။ | <u>လူငယ်ဖွံ့ဖြိုးရေး</u> -မြို့နယ်အား/ကာနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရန်။ |
| | -ရွာတွင်းလမ်း | -မိုးရာသီတွင် သွားလာရန်အခက်အခဲရှိခြင်း။ | -ကျေးရွာမှ တပိုင်တနိုင် လှူဒါန်းမှုများရှိခြင်း။ | -ငွေကြေးလုံလောက်မှုမရှိခြင်း။ -လမ်းခံနိုင်ဝန်ထက်ပိုသောယာဉ်များဖြတ်သန်းသွားလာခြင်း။ | -ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ပေးရန်။ | -မြေသားလမ်းမှဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်။ |

## ကိုးကားစာရင်း


၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ဒုတိယအကြိမ်၊ ၂၀၁၆ခုနှစ်၊ ဇွန်လ။

၂။ ဒိုက်ဦးမြို့နယ်၊ ကညင်တပင်ကျေးရွာတွင် ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကျေးရွာအခြေ အနေကို ရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ။

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်။